# ကြေးမုံ
# The Mirror

၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ အင်္ဂါနေ့၊ (27-2-2007) (၅၂၄၆)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
## တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်မစ္စတာတန်ကြားရှမ်ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

**ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ အလုပ်သဘော အလည်အပတ်ခရီးအဖြစ် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။**

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုလည်း တက်ရောက်သည်။

(သတင်းစဉ်)



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရှမ်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**
(သတင်းစဉ်)



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရှမ်ခေါင်းဆောင်သည့် ကိုယ်စားလှယ် အဖွဲ့အား နေပြည်တော်ရှိ ဘုရင့်နောင် ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။**
(သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror
၂၇-၂-၂၀၀၇
(အင်္ဂါနေ့)

# စက်မှုနိုင်ငံဖြစ်ပေါ်ရေး တွေးခေါ်ကြံဆ ကြိုးပမ်းအားထုတ်

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဖော်ဆောင်ရာတွင် စက်မှုကဏ္ဍသည် ပဓာနကျသောအခန်းမှ ပါဝင်နေသည်။ ထို့ကြောင့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် စက်မှုလုပ်ငန်းများက သွင်းကုန်အစားထိုး ကုန်ပစ္စည်းများ၊ စက်ပစ္စည်းကိရိယာများ ထုတ်လုပ်နိုင်ရန်နှင့် ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် စက်ရုံ၊ အလုပ်ရုံအသစ်များစွာကို တိုးချဲ့တည်ဆောက်နေသည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာနသည် နည်းပညာနှင့်ထုတ်လုပ်မှု အဆင့်မြင့်မားသည့် စက်ရုံအလုပ်ရုံ အများအပြားကို စက်မှုနယ်မြေအလိုက် တိုးချဲ့ထူထောင် လုပ်ကိုင်လျက်ရှိသည်။

ယခုအခါ ပဲခူးတိုင်း ရေတာရှည်မြို့နယ်တွင် အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ သာဂရစက်မှုနယ်မြေစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိသည်။ သာဂရစက်မှုနယ်မြေ၌ ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံစီမံကိန်း၊ မြေထိုးစက်နှင့် မြေတူးစက်ထုတ်လုပ်မှု စက်ရုံစီမံကိန်း၊ ရေအားလျှပ်စစ်တာဘိုင်နှင့် လျှပ်စစ်ဓာတ်အားပေးစက် ထုတ်လုပ်မှု စီမံကိန်းများ ထူထောင်လုပ်ကိုင်သွားမည်ဖြစ်သည်။

အဆိုပါစီမံကိန်းတွင် ပါဝင်သည့် စက်ရုံများသည် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အခြေခံ စက်မှုလုပ်ငန်းများဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် လိုအပ်သော စက်ပစ္စည်းကိရိယာများ ထုတ်လုပ်ပေးမည့် စက်ရုံများလည်းဖြစ်သည်။

ယင်းကဲ့သို့ ခေတ်မီစက်ပစ္စည်း ထုတ်လုပ်သည့်စက်ရုံများ၊ သွင်းကုန်အစားထိုး စက်ရုံများကို တိုးချဲ့ထူထောင်လာနိုင်သည့်အတွက် ကုန်ထုတ်လုပ်မှု နည်းပညာသစ်များ တိုးတက်ရရှိလာသည့်အပြင် ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများလည်း ပေါ်ပေါက်လျက်ရှိသည်။

နိုင်ငံတစ်ဝန်း၌ စက်မှုနယ်မြေများ ထူထောင်ပြီး ခေတ်မီစက်ရုံ၊ အလုပ်ရုံများ ရင်းနှီးတည်ဆောက်ရေး၊ နိုင်ငံ၏လိုအပ်ချက်နှင့်အညီ အရည်အသွေးအဆင့်မီ စက်ကိရိယာနှင့် ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးတို့ကို တွေးခေါ်ကြံဆ ကြိုးပမ်းအားထုတ်ကြခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ။




## ဆက်ကပ်လှူဒါန်း

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ ဖခင်ကြီး ဦးကြည်အေးအား ရည်စူး၍ မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း ပန်းထိမ်တန်းရပ်နေ ဒေါ်ကင်ရီ့နှင့်မိသားစုက အလှူတော်ငွေ ကျပ် ၃၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မှူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော်(မြန်အောင်) အရှင်ကောသလ္လ (B.A ဓမ္မာစရိယ) (ဗုဒ္ဓဂယာ)ထံ ဆက်ကပ်လှူဒါန်းစဉ်။**
(ကြေးမုံ)

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။





# စစ်တောင်း(ဆပ်သွားကုန်း)-မြစ်ကျိုး-ဒိုက်ဦး ရထားလမ်းဖောက်လုပ်မှု ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြည့်ရှုစစ်ဆေး

**ရထားပို့ဆောင်ရေး ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း စစ်တောင်း (ဆပ်သွားကုန်း)-မြစ်ကျိုး-ဒိုက်ဦး ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းတွင် ကွန်ကရစ်ရက်မများ သယ်ယူစုပုံနေခြင်းအား ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၆

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါလျက် ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် ပြွန်တန်ဆာမြို့ရှိ ကြိုတင်အားဖြည့်ကွန်ကရစ်ဇလီဖားတုံးထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိရာ ရှေးဦးစွာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူး ဦးမျိုးထွေးဝင်းက စက်ရုံမှ ထုတ်လုပ်ရန်လျာထားသော ကွန်ကရစ်ဇလီဖားတုံးများ အခြေအနေနှင့် ထုတ်လုပ်ပြီး ဇလီဖားတုံးများ လုပ်ငန်းခွင်ရောက်ရှိစေရေး ဆောင်ရွက်မှုများ၊ ကုန်ကြမ်းပစ္စည်းများ စုဆောင်းရရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ကွန်ကရစ်ဇလီဖားတုံးများ ထုတ်လုပ်ခြင်းကို လျာထားချက်ထက် ပြည့်မီကျော်လွန်အောင်ကြိုးစား၍ ထုတ်လုပ်ရေး၊ ထုတ်လုပ်ပြီး ဇလီဖားတုံးများ အရည်အသွေးမီ ခိုင်ခံ့မှုရှိစေရေး၊ ကုန်ကြမ်းပစ္စည်းများ ကြိုတင်စုဆောင်းထားရှိရေးတို့ကို မှာကြားသည်။**

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးသည်။

### ဖြည့်ဆည်းပေး

အဆိုပါ ကြိုတင်အားဖြည့်ကွန်ကရစ်ဇလီဖားတုံးထုတ်လုပ်ရေးစက်ရုံကို၂၀၀၃ ခုနှစ် စက်တင်ဘာတွင် စတင် တည်ဆောက်ခဲ့ပြီး ၂၀၀၄ ခုနှစ် ဇွန် ၆ ရက်တွင် စတင်စမ်းသပ်လည်ပတ်ခဲ့သည်။ စက်ရုံ၏ တစ်ရက်ပျမ်းမျှ ထုတ်လုပ်နိုင်မှုစွမ်းအားမှာ ကွန်ကရစ်ဇလီဖားတုံး ၃၀၀ဖြစ်သည်။ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်အထိ ကွန်ကရစ်ဇလီဖားတုံး ၁၃၇၄၉၀ ထုတ်လုပ်ပြီးဖြစ်သည်။ ကြိုတင်အားဖြည့်ကွန်ကရစ်ဇလီဖားတုံး စက်ရုံ(ပြွန်တန်ဆာ)သည် ရန်ကုန်-ညောင်လေးပင်လမ်းပိုင်း၏ ရထားလမ်းပိုင်း အဆင့်အတန်းမြှင့်တင်ရေးအထောက်အကူပြုအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ ဝန်ကြီးသည် ဒုတိယဝန်ကြီးနှင့်အတူ စစ်တောင်း(ဆပ်သွားကုန်း)-မြစ်ကျိုး-ဒိုက်ဦး ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာ ဦးဇော်မင်းဦးက ရထားလမ်းပိုင်းနှင့် တံတားများ တည်ဆောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဝန်ကြီးက ရထားလမ်းပိုင်းနှင့် တံတားများကို စံချိန်စံညွှန်းမီရေး၊ လိုအပ်သည့် သံလမ်းများ၊ ကျောက်များ၊ ဇလီဖားတုံးများကို သတ်မှတ်နေရာများသို့ အချိန်မီရောက်ရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ရထားလမ်းသစ်ကို သတ်မှတ်ချိန်တွင် ဖွင့်လှစ်နိုင်ရေးအတွက် ဝန်ထမ်းအားလုံးက တက်ညီစွာဖြင့် စုပေါင်းဆောင်ရွက်ရေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လုပ်ငန်းခွင်အတွင်း ကွန်ကရစ်ရက်မများ သယ်ယူစုပုံနေမှု၊ ရထားလမ်းကူးတံတားများ တည်ဆောက်နေမှု၊ ဘူတာရုံများနှင့် စကြံများ တည်ဆောက်နေမှုတို့ကို သံလမ်းပြေးယာဉ်ဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ရခိုင်သဟာယအသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးအောင်ရွှေဦး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ရခိုင်သဟာယအသင်းနှင့် ရခိုင်အမျိုးသမီးအသင်း ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆု ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရခိုင်သဟာယအသင်း(ရန်ကုန်)နှင့် ရခိုင်အမျိုးသမီးအသင်း (ရန်ကုန်) တို့ ပူးပေါင်း၍ ၂၀၀၅-၂၀၀၆ တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်ကျောင်းသား၊ ကျောင်းသူများ၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)နှင့်နိုင်ငံတကာအဆင့် အားကစား/ ပန်းချီပြိုင်ပွဲတို့တွင် ထူးချွန် ဆုရရှိကြသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ဖေဖော်ဝါရီ ၂၄ရက်က ကျင်းပသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်မှ ဂုဏ်ထူးခြောက်ဘာသာ၊ ငါးဘာသာရရှိသူများ၊ နှစ်ဘာသာနှင့်အထက် ဂုဏ်ထူးရရှိကြသည့် အသင်းဝင်များ၏ သားသမီးများ၊ ထူးချွန်သူများ စုစုပေါင်း ၅၀ ကျော်တို့အား အလှူရှင်များက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် ရခိုင်သဟာယအသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးအောင်ရွှေဦးနှင့် ရခိုင်အမျိုးသမီးအသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဒေါ်တင်တင်တို့က အမှာစကားပြောကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား တူညီဝတ်စုံပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၅ရက်က ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က ဝန်ထမ်းများကိုယ်စား ဒု-ဦးစီးမှူး ဦးလင်းဇော်ထွေးထံပေးအပ်စဉ်။** (က-ပ)








# ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်ကြည်ညို၍ သာသနာရေးဆိုင်ရာများလျှောက်ထား

**မြွက်ကြားချီးမြှင့်**

**ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးတွင် သဘာပတိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တကုမာရ အစည်းအဝေးဖွင့်သာရဏီယသြဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူစဉ်။**

(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၆

**ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ စတင်ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်ကြည်ညို၍ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။**

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်၊တိုင်းနှင့် ခရိုင် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

## တင်မြှောက်တော်မူ

ရှေးဦးစွာ ပဌမအကြိမ်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး(ပထမနေ့)၏ သြဝါဒါစရိယ ဆရာတော်ကြီးများအဖြစ် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများဖြစ်တော်မူကြသော မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒနီ ဝါဆိုကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယ၊ တနင်္သာရီတိုင်း ထားဝယ်မြို့ ဇေယျဝတီကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသ၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တသောဘန၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇနှင့် မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလ တို့အား အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များက တင်မြှောက်တော်မူကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း မြင်းခြံမြို့ ဇေယျာလင်္ကာရ ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကိတ္တိက ဆောင်ရွက်တော်မူသည်။

ထို့နောက် အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာ



**ပဌမ အကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးတွင် သာသနာရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် သာသနာရေး ဆိုင်ရာများလျှောက်ထားစဉ်။**

(သတင်းစဉ်)

တော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာတော်မူသည်။

ဆက်လက်၍ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များအားလုံးက 'သာသနဿ စ၊ လောကဿ၊ ဝုဒ္ဓိ ဘဝတု သဗ္ဗဒါ။ သာသနမ္ပိစ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ၊' ဂါထာကို တညီတညွတ်တည်း သုံးကြိမ်ရွတ်ဆိုလျက် အခမ်းအနားကို ဖွင့်လှစ်တော်မူကြသည်။

ထို့နောက် အခမ်းအနားမှူး ဆရာတော်က ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးကျင်းပမည့် ၁၃၆၈ ခုနှစ် တပေါင်းလဆန်း ၁၁ရက်၊ ၁၂ရက်နှင့် ၁၃ ရက် (၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်) တို့အတွက် အစည်းအဝေးအစီအစဉ်များကိုလျှောက်ထားကာ အစည်းအဝေး၏ အတည်ပြုချက်ကို ရယူတော်မူပြီး ယနေ့ဖြန့်ဝေ ဆက်ကပ်ထားသည့် အစီအစဉ်တွင်ပါရှိသည့်အတိုင်း အစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ကြောင်း လျှောက်ထားတော်မူသည်။

ဆက်လက်၍ ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး(ပထမနေ့) သြဝါဒါစရိယဆရာတော်ကြီးများ၏ သြဝါဒကထာ ချီးမြှင့်မှုများကို နာယူတော်မူကြရန်အတွက် နိုင်ငံတော် သြဝါဒါစရိယဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယ၏ သြဝါဒကထာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတာ သိရိဘိဝံသကလည်းကောင်း၊ နိုင်ငံတော် သြဝါဒါစရိယ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသ၏ သြဝါဒကထာကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဝံသက လည်းကောင်း၊ နိုင်ငံတော် သြဝါဒါစရိယ ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘန၏ သြဝါဒကထာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကိုင်းကုန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိက ကလည်းကောင်း၊ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တသီလဝံသ၏သြဝါဒကထာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဇေယျသုခဝါဆိုကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာကလည်းကောင်း၊ နိုင်ငံတော် သြဝါဒါစရိယ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလ၏ သြဝါဒကထာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မကွေးတိုင်း ငဖဲမြို့ ကန်လယ်မင်းကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလက လည်းကောင်း အသီးသီး ဖတ်ကြားတော်မူကြသည်။

ထို့နောက် အစည်းအဝေး သဘာပတိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက အစည်းအဝေးဖွင့် သာရဏီယ သြဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

## မှတ်တမ်းတင်

ဆက်လက်၍ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များက ယခုနှစ်နှစ်တာ ကာလအတွင်း ပျံလွန်တော်မူသွားကြကုန်သော နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအတွက် သံဝေဂဉာဏ် ပွားတော်မူကြောင်း မှတ်တမ်းတင်ကြသည်။

ထို့နောက် အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရက တင်သွင်းတော်မူ၍ အစည်းအဝေး၏ အတည်ပြုချက်ကို ရယူတော်မူသည်။

ယင်းနောက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာ အကျဉ်းကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင် ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏာမာရာမဈေးကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသြဿဘိဝံသက တင်သွင်းလျှောက်ထားတော်မူပြီးအစည်းအဝေးကိုခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏အစီရင်ခံစာ အကျယ်ကို ကဏ္ဍအလိုက်သက်ဆိုင်ရာတာဝန်ကျ (ပထမအဖွဲ့ခွဲဝင်) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များက ဖတ်ကြားတင်သွင်းတော်မူကြသည်။

ဆက်လက်၍ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များက တင်ပြလာသော အကြံဉာဏ်များကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များဖြစ်ကြသည့် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကိတ္တိနှင့် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရတို့က ရှင်းလင်းပြန်ကြား လျှောက်ထားတော်မူကြသည်။

## ရှင်းလင်းလျှောက်ထား

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရက သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ၂၅ ရာခိုင်နှုန်း အနားယူခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်အရ အနားယူသွားကြသည့် ပဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၏အမည်စာရင်းကိုကြေညာ၍ လုပ်ငန်းစီမံချက် အခန်း(၄) အပိုဒ်(၁၁) အပိုဒ်ခွဲ(၄)ကို ရှင်းလင်းလျှောက်ထားတော်မူပြီး ပထမနေ့အစည်းအဝေးအစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးကို ဖေဖော်ဝါရီ၂၇ရက်တွင် ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ၊ ဆွမ်းဆက်ကပ် လှူဒါန်းပွဲအခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအား အလှူရှင်များက ဆွမ်းခဲဖွယ် ဘောဇဉ်များ ဆက်ကပ်လှူဒါန်းလျက်ရှိကြရာ ကျေးဇူးရှင် မိဘနှစ်ပါးဖြစ်ကြသော (ဦးသိန်းမောင်)-ဒေါ်ပါးပါးတို့အား ဦးထိပ်ထား၍ စန္ဒီပရဆေးမိသားစုက ယနေ့တွင် သုံးထပ်ဆွမ်းစားဆောင်၌ တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

## ငါးပါးသီလခံယူ

နေ့ဆွမ်းဆက်ကပ်လှူဒါန်းအပြီးတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ အလှူရှင်မိသားစုနှင့် ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး မကွေးဆရာတော် ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာကြားကြသည်။

ထို့နောက် မကွေးဆရာတော်အား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုနှင့် တိုင်းရင်းဆေးဝါးများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မကွေးဆရာတော်က အနုမောဒနာတရားနှင့် ရေစက်ချတရား ဟောကြားချီးမြှင့်တော်မူရာ အလှူရှင်မိသားစုနှင့် ပရိသတ်များက နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

## ဆက်ကပ်လှူဒါန်း

အလားတူပင် နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင် ဆရာတော်များနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအား ရန်ကုန်မြို့ရှိ တိုင်းရင်းဆေးဝါး ထုတ်လုပ်ဖြန့်ချိရေး လုပ်ငန်းရှင်များဖြစ်ကြသည့် ကေသီပန်၊ မှန်ချို၊ ထွန်းရွှေဝါ၊ ရှမ်းဆရာကြီး ဦးစိုင်း၊ ကေမ္ဘာ၊ ဆန္ဒမွန်၊ ဂရိတ်ဝေါ၊ ပြည်လုံးချမ်းသာ၊ ဂဋ္ဌုန်ရာဇာ၊ မဟာဝန်၊ ရောဝဏ်နှင့် ရွှေယုန်မင်းဆေးတိုက်တို့မှ လုပ်ငန်းရှင်များက ယနေ့တွင် တိုင်းရင်းဆေးဝါးမျိုးစုံတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)



အင်ဒိုနီးရှားနိုင်ငံ ရေပြင်တွင် မီးလောင်ပျက်စီးသွားသော ကူးတို့သင်္ဘောကို မနစ်မြုပ်မီ ဖေဖော်ဝါရီ ၂၄ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

# ဂျကာတာ ကမ်းလွန်တွင် မီးလောင်ခဲ့သည့် ကူးတို့သင်္ဘောနစ်မြုပ်

**ဂျကာတာ ဖေဖော်ဝါရီ ၂၅**

ဖေဖော်ဝါရီ ၂၂ ရက်က ဂျကာတာ ပင်လယ်အော်တွင် မီးလောင်ခဲ့သည့် ကူးတို့သင်္ဘောသည် ဂျကာတာ ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်တွင် တနင်္ဂနွေနေ့က မထင်မှတ်ဘဲ နစ်မြုပ်သွားကြောင်း၊ ယင်းကူးတို့ သင်္ဘောပေါ်၌ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေချိန်အတွင်း နစ်မြုပ်ခြင်းဖြစ်ကြောင်း အင်တာနက် သတင်းတွင် ဖော်ပြသည်။

**ပြောကြား**

ကူးတို့သင်္ဘောမီးလောင်မှုကို စုံစမ်းစစ်ဆေးနေသည့် ၁၆ ဦးပါ အဖွဲ့တစ်ဖွဲ့သည် သင်္ဘောပေါ်၌ ရောက်ရှိနေချိန်အတွင်း သင်္ဘောလျင်မြန်စွာနစ်မြုပ်သွားကြောင်း၊ တစ်ဦးသေဆုံးပြီး သုံးဦး ပျောက်ဆုံးလျက်ရှိကြောင်း ပင်လယ်ရေကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ခရီးသည် ၃၅၀လိုက်ပါခဲ့သော ကူးတို့သင်္ဘောပေါ်တွင် ဖေဖော်ဝါရီ ၂၂ ရက်က မီးလောင်ခဲ့ရာ သေဆုံးသူ ၄၂ဦးရှိကြောင်း ပင်လယ်ရေကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ပါဝင်**

စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် အမျိုးသားရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် အမျိုးသား သယ်ယူပို့ဆောင်ရေး ဘေးအန္တရာယ်လုံခြုံရေးကော်မတီမှ အဖွဲ့ဝင်များ ပါဝင်သည်။

***အင်တာနက်။***

# အီရတ်တွင်ထရပ်ကားဗုံးပေါက်ကွဲ ၄၅ဦး သေဆုံး၊ ၁၁၀ဒဏ်ရာရ

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၆**

အီရတ်နိုင်ငံအနောက်ပိုင်း ဟာဘာနီယာမြို့တွင် စနေနေ့က ထရပ်ကားဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ သေဆုံးသူ ၄၅ဦးနှင့် ဒဏ်ရာရသူ ၁၁၀အထိရှိကြောင်း ရဲတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

**ပါဝင်**

သေဆုံးသူများတွင် အမျိုးသမီးနှင့် ကလေး ၁၇ဦး ပါဝင်သည်။

အုတ်ခဲများဖြင့် ဖုံးအုပ်ထားသည့် ပေါက်ကွဲစေသော ပစ္စည်းများ အပြည့်အသိပ် တင်လာသော ထရပ်ကားသည် ဒေသစံတော်ချိန် ညနေ ၃နာရီခွဲတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်ပွားရာ နေရာသို့ ကယ်ဆယ်ရေးသမားများ အလျင်အမြန်သွားရောက်ပြီး အဆောက်အအုံပျက်များအောက်၌ ပိမိနေသူများကို သယ်ထုတ်ခဲ့ကြရသည်။

**ပေါက်ကွဲ**

တနင်္ဂနွေနေ့ နံနက်ပိုင်းက ဘဂ္ဂဒက်မြို့လယ် အစိမ်းရောင်နယ်မြေအနီးရှိ အီရန်သံရုံးမှ မီတာ ၁၀၀ခန့်အကွာတွင် ကားဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ အရပ်သားနှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရခဲ့သေးသည်ဟု ရဲတပ်ဖွဲ့က ပြောသည်။

***အင်တာနက်။***

**မိုဇမ်ဘစ်နိုင်ငံမှ ရေဘေးဒုက္ခသည်များအတွက် ကယ်ဆယ်ရေးပစ္စည်းများ သယ်ဆောင်လာသော ရဟတ်ယာဉ်တစ်စင်းကို ဖေဖော်ဝါရီ ၂၅ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ–အင်တာနက်)*



# အီရတ်စစ်ပွဲကိစ္စ ဗြိတိသျှအစိုးရ ဆောင်ရွက်မှု စစ်ဆေးမည်

**လန်ဒန် ဖေဖော်ဝါရီ ၂၅**

ဗြိတိန်ပါလီမန်က အီရတ်စစ်ပွဲနှင့် ပတ်သက်၍ အစိုးရ၏ ကိုင်တွယ်ဆောင်ရွက်ပုံကို သင့်တင့်လျောက်ပတ်သည့် အချိန်တွင် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း ကက်ဘိနက်ဝန်ကြီးဖြစ်သူ ဂျက်စထရောက ကြာသပတေးနေ့တွင် ပြောကြားသည်။ အီရတ်စစ်ပွဲစတင်ချိန်က ၎င်းသည် နိုင်ငံခြားရေးဝန်ကြီးဖြစ်ခဲ့သည်။

ယင်းစစ်ပွဲနှင့်ပတ်သက်၍ သင့်တော်သည့် အချိန်တစ်ချိန်တွင် စုံစမ်းစစ်ဆေးမှု ပြုလုပ်မည်ဖြစ်ပြီး ဝန်ကြီးချုပ်တိုနီဘလဲအပါအဝင် အစိုးရတစ်ရပ်လုံးအတွက် ပြုလုပ်မည့် စစ်ဆေးမှုဖြစ်သည်ဟု ၎င်းကပြောကြားသည်။

**ဆောင်ရွက်**

ဝန်ကြီးချုပ်တိုနီဘလဲ၏ အီရတ်စစ်ပွဲအပေါ် ကိုင်တွယ်ဖြေရှင်းမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရန် အတိုက်အခံပါတီက ပါလီမန်အတွင်း လွန်ခဲ့သည့် အောက်တိုဘာလက ကြိုးပမ်းမှုကို ဘလဲက ပျက်ပြားစေရန် ဆောင်ရွက်ခဲ့သည်။

ယင်းစုံစမ်းစစ်ဆေးမှုကို အလျင်စလိုပြုလုပ်ပါက အီရတ်ရှိ ဗြိတိသျှတပ်ဖွဲ့ဝင်များ စိတ်ဓာတ်ကျဆင်းပြီး စစ်သွေးကြွများကို စိတ်ဓာတ်တက်ကြွစေမည်ဖြစ်သည်ဟုအစိုးရဌာနမှတာဝန်ရှိ ပုဂ္ဂိုလ်များက ပြောကြားသည်။ သင့်တော်သည့်အချိန်တွင် စစ်ဆေးရေးကိစ္စပြုလုပ်မည်ဟု မိမိတို့ အတိအလင်း ပြောကြားပြီးပြီဟု ဂျက်စထရောက ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ဝန်ကြီးချုပ်အဖြစ် ဆက်လက်ရပ်တည်ရေး ပရိုဒီကြိုးပမ်း

**ရောမ ဖေဖော်ဝါရီ ၂၅**

ရိုမာနို ပရိုဒီသည် အီတလီဝန်ကြီးချုပ်အဖြစ် ဆက်လက်ရပ်တည်နိုင်ရေးအတွက် ယခုရက်သတ္တပတ်အတွင်း ပြုလုပ်မည့် အယုံအကြည်ရှိ အဆိုအနိုင်ရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း ဖေဖော်ဝါရီ ၂၅ရက် အင်တာနက် သတင်းတွင် ဖော်ပြသည်။

အီတလီ အထက်လွှတ်တော်က အစိုးရအဖွဲ့၏ နိုင်ငံခြားရေး မူဝါဒကို ထောက်ခံမှု မရှိကြောင်း သဘောထား ထုတ်ဖော်ခဲ့ပြီးနောက် ပရိုဒီသည် လွန်ခဲ့သည့် ရက်သတ္တပတ်က ရာထူးမှ နုတ်ထွက်စာ တင်ခဲ့သည်။

ပရိုဒီဦးဆောင်သည့် အစိုးရအဖွဲ့ ဆက်လက် ရှင်သန်ရေးအတွက် ပါလီမန်ရှိ လွှတ်တော်နှစ်ရပ်စလုံးထံမှ ထောက်ခံမှု ရရှိရန်လိုအပ်သည်။ ပရိုဒီ၏ ညွန့်ပေါင်းအဖွဲ့သည် အောက်လွှတ်တော်တွင် အများစုအနေအထား ရှိသော်လည်း အထက်လွှတ်တော်၏ ထောက်ခံမှုရရှိရန် ပရိုဒီ ကြိုးပမ်းလျက်ရှိသည်။ ***အင်တာနက်။***

# ဗုံးပေါက်ကွဲမှုကြောင့် အီရတ်ဒုတိယသမ္မတ ထိခိုက်ဒဏ်ရာရ

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၆**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြို့လယ်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနအဆောက်အအုံတွင် ဒုတိယသမ္မတ အဒယ်လ် အဗ္ဗဒူလ်မာဒီ မိန့်ခွန်းပြောကြားနေချိန်အတွင်း ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ ၁၂ဦး သေဆုံးကြောင်း၊ ဒုတိယသမ္မတ အဗ္ဗဒူလ်မာဒီမှာလည်း ထိခိုက်ဒဏ်ရာ ရရှိကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

အခမ်းအနားကျင်းပရာ အဆောက်အအုံ၏ အမိုးမျက်နှာကြက်အတွင်း ဗုံးထောင်ထားခဲ့သည်ဟုယူဆရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ဗုံးပေါက်ကွဲမှုကြောင့် ၂၅ဦးထက်မနည်း ဒဏ်ရာရရှိသည်။ ***အင်တာနက်။***



**ကနေဒါနိုင်ငံ စိန့်လောရင့် ပင်လယ်ကွေ့ဒေသတွင် ပင်လယ်ဖျံသားအမိကို ဖေဖော်ဝါရီ၂၅ ရက်က တွေ့ရစဉ်။***(ဓာတ်ပုံ–အင်တာနက်)*

# မာဖီးယား ဂိုဏ်းကို စပိန်ရဲတပ်ဖွဲ့ နှိမ်နင်း

**မဒရစ် ဖေဖော်ဝါရီ ၂၅**

စပိန်နိုင်ငံ မဒရစ်မြို့ရှိ မာဖီးယားလူဆိုးဂိုဏ်းများက ထိန်းချုပ်ထားသော ပြည့်တန်ဆာ ဂိုဏ်းကို နှိမ်နင်းရာ ပြည့်တန်ဆာ ၁၀၀ ခန့်နှင့် ဆက်နွယ်သူ အများအပြားကို ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်နိုင်ကြောင်း ဖေဖော်ဝါရီ ၂၄ ရက် သတင်းများက ဖော်ပြသည်။

**ရှင်းလင်းဖယ်ရှင်း**

လူဆိုးဂိုဏ်းခေါင်းဆောင် ခြောက်ဦးအပါအဝင် ၁၄ ဦးကို ဖမ်းဆီးလိုက်နိုင်ပြီဖြစ်၍ စပိန်နိုင်ငံ၏ မြို့တော်တွင် ပြည့်တန်ဆာ အားလုံးနီးပါးကို ရှင်းလင်းဖယ်ရှားနိုင်သည်ဟု ဆိုသည်။

**ပြည်ပမှခိုးဝင်**

ထိုအမှုနှင့်စပ်လျဉ်း၍ နိုင်ငံတွင်းသို့ ပြည်ပမှ ခိုးဝင်လာသူ အမျိုးသမီး ၂၀ ကိုလည်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ ထိုလူဆိုးဂိုဏ်းများသည် တစ်လလျှင် ယူရို ၁၆၀၀၀ ကို သုံးစွဲ၍ တိုက်ခန်းများကို ငှားရမ်းကာ ဖိမ်ခံခန်းများအဖြစ် အသုံးချခြင်း၊ လုပ်ငန်းကို လူသိအောင် ကြော်ငြာခြင်းများ ပြုလုပ်ကြောင်း သိရသည်။

***အင်တာနက်။***

ကြေးမုံ The Mirror နိုင်ငံခြားသတင်းများ

# မိုးစပါး၊ နွေစပါး နှစ်စဉ်ဧက တိုးတက်စိုက်ပျိုးရေးနှင့် အထွက်တိုးရေးဆောင်ရွက် မေယုတောင်တန်းကြီးကို ရော်ဘာတောင်တန်းအဖြစ် စိုက်ပျိုးနိုင်ရေး ကြိုးပမ်း ပုစွန်မွေးမြူရေးနှင့် အိမ်တိုင်းစေ့ ဒေသကြက်မွေးမြူရေး တိုးတက်အောင်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

**ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ နံနက် ၈ နာရီတွင် မောင်တောမြို့နယ် မြို့သူကြီးကျေးရွာအုပ်စု (မြို့သူကြီးအနောက်ကွင်း)ရှိ လယ်မြေ၌ နွေစပါးနှင့် ဆောင်းသီးနှံစိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးသည်။**





**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြို့သူကြီးကျေးရွာအုပ်စု မြို့သူကြီးအနောက်ကွင်း၌ နွေစပါးနှင့် ဆောင်းသီးနှံများ စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ မောင်တောခရိုင် စိုက်ပျိုးရေးမန်နေဂျာ ဦးသာထွန်းအေးက နွေစပါး၊ မိုးစပါးနှင့် ဆောင်းသီးနှံစိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် ပြည်နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးဝင်းမြင့်တို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ညှိနှိုင်းဆောင်ရွက်ပေးပြီး နွေစပါး အပါအဝင် ဆောင်းသီးနှံစိုက်ပျိုးရေးတွင် ရရှိသည့် သဘာဝရေချိုကို အကျိုးရှိစွာ အသုံးချရမည်ဖြစ်ကြောင်း၊ နွေရာသီ၌ ချောင်းပိတ်မြောင်းပိတ်ဖြင့် စိုက်ပျိုးရေရရှိရေးဆောင်ရွက်ကြရန်နှင့် ရခိုင်ပြည်နယ်ရှိ မြို့နယ်တိုင်း၌ တစ်မြို့နယ်လျှင် နွေစပါးဧက ၁၀၀ ကို ချောင်းပိတ်မြောင်းပိတ်နည်းနှင့် စိုက်ပျိုးနိုင်ရေးကြိုးပမ်းဆောင်ရွက်ပြီး မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးပြီး ပန်းတိုင်အထွက်တိုးရရှိအောင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မြို့သူကြီးကျေးရွာ ကွင်းအမှတ် (၁၀၉-က)၌ ရတနာအောင်၊ သီးထပ်ရင် စသည့် နွေစပါး ၂၁ ဧက စိုက်ပျိုးပြီးစီးမှုနှင့် ဆောင်းသီးနှံစိုက်ပျိုးမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ မောင်တောမြို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ မောင်တောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်မောင်က မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ် ကုန်သွယ်ရေးဆိုင်ရာတို့ကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းမှူးဗိုလ်မှူးချုပ်မောင်ရှိန်နှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးလှဝင်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ပေါင်းစပ်ညှိနှိုင်းပေးပြီး မိုးစပါး၊ နွေစပါး နှစ်စဉ် ဧက တိုးတက်စိုက်ပျိုးရေးနှင့် အထွက်နှုန်းတိုးရေး၊ ဒေသဆီဖူလုံမှုရရှိနိုင်မည့် နှမ်းကို တိုးချဲ့စိုက်ရန်နှင့် နေကြာကို ပဲစိုက်ခင်းများတွင် သီးညှပ်စိုက်ပျိုးကြရမည်ဖြစ်ကြောင်း အမယ်သစ်သီးနှံဖြစ်သည့် ငရုတ်ကောင်းကို တစ်နိုင်တစ်ပိုင်မှ တစ်အုပ်တစ်မစိုက်ပျိုးကြရန် လိုကြောင်း။

နှစ်ရှည်ရော်ဘာကို လျာထားချက်နှင့်အညီ စိုက်ပျိုးကြရမည်ဖြစ်ကြောင်း မေယုတောင်တန်းကြီးကို ရော်ဘာတောင်တန်းအဖြစ် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ခြံစည်းရိုးကြက်ဆူပင်ကိုလည်း သတ်မှတ်ချက်နှင့်အညီ ပြည့်မီအောင်စိုက်ပျိုးရန် လိုကြောင်း၊ ပုစွန်မွေးမြူရေးနှင့် အိမ်တိုင်းစေ့ဒေသ ကြက်မွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မောင်တောမြို့နယ်သည် နယ်စပ်ဒေသဖြစ်သည့် အားလျော်စွာ ဌာနဆိုင်ရာ ဝန်ထမ်းများသည် ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နိုင်ငံတော်၏ စီမံကိန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်ကြရန် တိုက်တွန်းကြောင်းဖြင့် မှာကြားသည်။

မောင်တောမြို့နယ်၌ ၂၀၀၆-၂၀၀၇ ခုနှစ်အတွက် နွေစပါး ၅၀၁၂ ဧက၊ ငရုတ်ကောင်းဧက ၁၈၀၊ ရော်ဘာ ၆၇၂ ဧကနှင့် ခြံစည်းရိုးကြက်ဆူ ၂၁၃၈ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များလိုက်ပါလျက် မောင်တောခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသစ် ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးရာ မောင်တောခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝင်းက ရုံးသစ်အဆောက်အအုံ ဆောက်လုပ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြ၍ တိုင်းမှူးဗိုလ်မှူးချုပ်မောင်ရှိန်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မောင်တောပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်၍ အားပေးစကားပြောကြားကာ ဆေးရုံတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ ဆေးရုံတိုးချဲ့ဆောင် ဆောက်လုပ်နိုင်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များလိုက်ပါလျက် မွန်းလွဲပိုင်းတွင် အလယ်သံကျော်တိုက်နယ်ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံ၏ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ လူနာဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူနေကြသူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ အားပေးစကားပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ မောင်တောမြို့နယ်ရှိ အောင်သာယာစံပြကျေးရွာသို့ ရောက်ရှိကြရာ စံပြကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘမြင့်က ကျေးရွာနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စံပြကျေးရွာ အုပ်ချုပ်ရေးအဖွဲ့မှ ဦးနေဝင်းက ကျေးရွာ၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တင်ပြဆွေးနွေးချက်များအပေါ် ညှိနှိုင်းပေးပြီး ကျေးရွာ၌ စပါးစိုက်ပျိုးရေး တိုးတက်အောင် ဆောင်ရွက်နေသကဲ့သို့ ရော်ဘာကိုလည်း ဧက ၁၀၀ စိုက်ပျိုးရန်နှင့် အခြားစီးပွားရေးလုပ်ငန်းများပါ ပူးတွဲလုပ်ဆောင်ကြရန် မှာကြားပြီး အောင်သာယာ စံပြကျေးရွာနေ ပြည်သူများအတွက် အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများထောက်ပံ့ ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများက လက်ခံကြသည်။

(သတင်းစဉ်)

## တန့်ယန်းမြို့ ဆင်များရှင်စေတီတော်၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ တပ်ဦးကျောင်းတိုက် ဆင်များရှင် ကုန်းတော်တွင်တည်ရှိသော ဆင်များရှင် ဆုတောင်းပြည့် စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို (တပေါင်းလပြည့်နေ့) မတ် ၂ ရက် မွန်းလွဲ ၁ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ တန့်ယန်းမြို့နယ် သံဃမဟာနာယကဆရာတော်များ၊ မြို့တွင်းရှိ ကျောင်းတိုက် အသီးသီးမှ သံဃာတော်များ၊ ပင့်သံဃာတော်များ စုစုပေါင်း ၁၀၈ ပါးတို့ ကြွရောက်အလှူခံကြမည်ဖြစ်ပြီး တပ်ဦးကျောင်း ဆရာတော် ဦးစန္ဒိမာ၊ ဦးနန္ဒိယတို့ ဦးဆောင်၍ ကျောင်းဂေါပကအဖွဲ့ဝင်များ၊ တပ်မိသားစုများ၊ မြို့မိမြို့ဖများနှင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက လှူဖွယ်ပစ္စည်းအမျိုးမျိုးတို့ကို စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လောင်းလှူကြမည်ဖြစ်ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

## မဟာဗောဓိ အထူးတရားပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ပဥ္စမအကြိမ်မြောက် ရွှေနန်း ရွှေဝါနန်းဟိုတယ်မိသားစုမှ အထူးတရားပွဲကို မဟာဗောဓိစာသင်တိုက် မိုးကောင်းလမ်းမကြီး ရန်ကင်းမြို့နယ်တွင် ကျင်းပမည်ဖြစ်ရာ မတ် ၃ ရက်၌ ဓမ္မဘေရီ အရှင်ဝိရိယ (တောင်စွန်း)ဆရာတော်နှင့် မတ် ၄ ရက်နှင့် ၅ ရက်တို့တွင် အရှင်ဆေကိန္ဒ (ဓမ္မဒူတ) ဆရာတော်တို့က ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ်များကို ဟောကြားကြမည်ဖြစ်သည်။ (က-ပ)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၇-၂-၂၀၀၇ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈း၀၅ ၆။ အရေးပြိုင်ပွဲ
- ၈း၁၀ ၇။ ဖြူးချောင်းတံတား
- ၈း၂၀ ၈။ နှောင်းခေတ်တေးပဒေသာ
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ Let's Go.
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ EnglishforEverydayUse.
- ၄း၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ)
- ၄း၅ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၅း၁ ၆။ ခံစားနားဆင် တေးဇာတ်ဝင်
- ၅း၂၀ ၇။ **"စည်းကမ်းလိုက်နာ ဘေးကင်းကွာ" (လူကူးမျဉ်းကြားမှ ကူးမယ်)**
- ၅း၂၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၁။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၆း၅၀ ၁၂။ ရှုဖွယ်စုံညီ မြန်မာပြည် (အပိုင်း-၂)
- ၇း၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ညီမငယ်ပါသေး" (အပိုင်း-၂၀)(ဇာတ်သိမ်းပိုင်း)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တကယ်သဘောကျတယ်" (အပိုင်း-၂၈)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

# ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း လမ်းဖောက်လုပ်မှုကြည့်ရှု ရန်ကုန်မြို့ မိုင် ၃၀ ဝန်းကျင် (အရှေ့ခြမ်း) စိမ်းလန်းစိုပြည်ရေးဆောင်ရွက်မှုများ မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၆

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ လှိုင်သာယာ-တွံတေးကားလမ်းနှင့် တမာတကော-ထိန်ကုန်း-ဝါးရုံဆိပ် ဆက်သွယ်သည့်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေ၊ သန်လျင်မြို့နယ် ညောင်သုံးပင်ရွာ ဦးမောင်စံ၏လယ်အနီး စပါးအခြောက်ခံစက်လည်ပတ်မှုနှင့် ဒိုချက်ကင်း သဘာဝမြေသြဇာပြုလုပ်အသုံးချမှု၊ ရန်ကုန်မြို့ မိုင် ၃၀ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးရေရရှိနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံကြီးဆေးပဒေသာပင် လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။**

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တိုင်းအဆင့် ဌာနဆိုင်ရာများလိုက်ပါလျက် နံနက် ၆နာရီတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန် တောင်ပိုင်းခရိုင် တွံတေး မြို့နယ်အတွင်း ဖောက်လုပ်လျက်ရှိသော လှိုင်သာယာ-တွံတေး ကားလမ်းနှင့် တမာတကော-ထိန်ကုန်း-ဝါးရုံဆိပ် ဆက်သွယ်သည့် မြေသားလမ်း ဖောက်လုပ်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆန်းက လှိုင်သာယာ-တွံတေး ကားလမ်းနှင့် တမာတကော - ထိန်ကုန်း - ဝါးရုံဆိပ် ဆက်သွယ်သည့် မြေသားလမ်းဖောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက စက်ယန္တရားဖြည့်ဆည်း ဆောင်ရွက်ပေးမည့် အစီအစဉ်များကို လည်းကောင်း၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုးက မြေသားလမ်း ဖောက်လုပ်ပြီးစီးရေး ကူညီပံ့ပိုးဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက မိုးရာသီမရောက်မီ လုပ်ငန်းများပြီးစီးရေး ဆောင်ရွက်နိုင်ရန်အတွက် ညှိနှိုင်းပေါင်းစပ်ပေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် မြေသားလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ လှိုင်သာယာ-တွံတေးကားလမ်းနှင့် တမာတကော-ထိန်ကုန်း-ဝါးရုံဆိပ် ဆက်သွယ်သည့်လမ်းသည် အရှည် ၁၄၇၅၆ ပေ မိုင်အားဖြင့် ၂ မိုင် ၆ ဖာလုံရှိပြီး အောက်ခြေအကျယ်ပေ ၃၀၊ လမ်းမျက်နှာပြင် အကျယ် ၁၈ ပေနှင့် အမြင့်လေးပေရှိသည်။ လမ်းတွင် ပေ ၉၀ အကျယ် တံတား တစ်စင်း ပါဝင်သည်။ ယခုအခါ လမ်းမျက်နှာပြင် ချောခြင်းလုပ်ငန်းအရှည်ပေ ၅၁၀၀ နှင့် မြေဖို့ခြင်းလုပ်ငန်း ၁၃၀၀၄ ကျင်းအထိ ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့သည် သန်လျင်မြို့နယ် ညောင်သုံးပင်ရွာ ဦးမောင်စံ၏ လယ်အနီး၌ ပြည်တွင်းဖြစ် စပါးနှင့် သီးနှံစုံအခြောက်ခံစက် (Biomass Grain Dryer) လက်တွေ့လည်ပတ် သရုပ်ပြသမှုနေရာသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ပိုလီရှိုက်(စ်)ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းဟန်က စပါးနှင့် သီးနှံစုံအခြောက်ခံစက်ကို ပြည်တွင်း၌ အောင်မြင်စွာ တပ်ဆင်ထုတ်လုပ်စမ်းသပ်လည်ပတ်မှု၊ စက်၏ဒီဇိုင်း၊ လှုပ်ရှားမှုနှင့် လည်ပတ်နှုန်း၊ နိုင်ငံတကာအဆင့်မီ စက်အမျိုးအစားဖြစ်ပြီး အရေးကြီးသော စက်အစိတ်အပိုင်းအားလုံးကို Stainless Steel များဖြင့် တည်ဆောက်ထားမှု၊ စပါးစေ့များ၏ ပွတ်ရှမှုဒဏ်ကို ကောင်းမွန်စွာ ခံနိုင်မှု၊ စက်သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်မှု၊ နှစ် ၃၀ အထိ အသုံးပြုနိုင်မှု၊ သီးနှံစုံ အခြောက်ခံစက်ကို အသုံးပြု၍ အခြောက်ခံနိုင်သော စပါး သီးနှံအပြင် ပြောင်း၊ ဂျုံ၊ ပဲမျိုးစုံနှင့် အခြားသီးနှံများဖြစ်ကြောင်း၊ အလုပ်ချိန် တစ်ဆိုင်းလျှင် စပါးတင်း ၆၀၀ ၁၄ တန်ခန့်၊ ပဲ ၁၄ တန်၊ ပြောင်း ၁၅တန်ခန့် ထည့်သွင်းအခြောက်ခံနိုင်ပြီး သီးနှံ၏ စိုထိုင်းဆပေါ်မူတည်၍ သုံးနာရီမှ ရှစ်နာရီအထိ အချိန်ကြာမြင့်နိုင်ကြောင်းဖြင့် အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက ဖြည့်စွက်ရှင်းလင်းပြောကြားပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စပါးနှင့် သီးနှံစုံအခြောက်ခံစက် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေး ညှိနှိုင်းပေါင်းစပ်ပေးကာ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပိုလီရှိုက်(စ်) ကုမ္ပဏီက ထုတ်လုပ်သည့် ပြည်တွင်းဖြစ် စပါးနှင့် သီးနှံစုံအခြောက်ခံစက်ဖြင့် စပါးများ အခြောက်ခံနေမှုကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ရှစ်လက်မ အနိမ့်တင်ရေတင်စက်ဖြင့် နွေစပါးစိုက်ခင်းအတွင်း ရေတင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဌေးလွင်က လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဒိုချက်ကင်း(ဝါးရုံမြေ) သစ်ရွက်ဆွေး သဘာဝမြေသြဇာ ပြုလုပ်သုံးစွဲပုံအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား သီးနှံအထွက်တိုးရန် မျိုးကောင်းမျိုးသန့် နည်းပညာနှင့် မြေသြဇာ အဓိကကျကြောင်းနှင့် လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ရန်ကုန်မြို့ မိုင် ၃၀ ဝန်းကျင် (အရှေ့ခြမ်း) စိမ်းလန်းစိုပြည်ရေး လုပ်ငန်း (စိုက်ပျိုးရေရရှိရေးလုပ်ငန်း) စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးလှဘော်က စိုက်ပျိုးရေရရှိရေး နှစ်အလိုက် ဆောင်ရွက်ပြီးစီးခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်မြို့ မိုင် ၃၀ ဝန်းကျင် (အရှေ့ခြမ်း) စိမ်းလန်းစိုပြည်ရေး လုပ်ငန်း စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးကိုယ်စား မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း အထွေထွေမန်နေဂျာ ဦးမြင့်ဦးက စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သနပ်ပင်မြို့အနီး ပဲခူး-စစ်တောင်း တူးမြောင်းပေါ်ရှိ ပုဂံ-ညောင်ပင် ရေလွှဲပေါက်မှ ခရမ်းချောင်းအထိ တူးဖော်သည့် ရေသွယ်မြောင်းလုပ်ငန်းကို စီမံကိန်းတစ်ခုလုံးပြီးစီးမှ စိုက်ပျိုးရေပေးဝေခြင်းမပြုလုပ်ဘဲ ရန်ကုန်မြို့ မိုင် ၃၀ ဝန်းကျင် (အရှေ့ခြမ်း)ဒေသတွင် နွေစပါးအပါအဝင် သီးထပ်သီးနှံများ ရနိုင်သလောက် စိုက်ပျိုးနိုင်ရန်အတွက် ယင်းရေသွယ်မြောင်း ပြီးစီးသည့်အပေါ်မူတည်ပြီး ရေလွှတ်ပေးနိုင်သည့် နေရာများတွင် အပြည့်အဝ အပိုင်းလိုက် ရေလွှတ်ပေးရန်နှင့် စိုက်ပျိုးနိုင်သည့်နေရာတွင် အပြည့်အဝ စိုက်ပျိုးသွားရန် မှာကြားသည်။



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသနေသော ကလေးငယ်တစ်ဦးအား ထောက်ပံ့ငွေပေးအပ်စဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံ၌ တက်ရောက်ဆေးဝါးကုသနေသော လူနာများအား ထောက်ပံ့ငွေများပေးအပ်ကာ ဆေးရုံအတွင်းရှိ ခွဲစိတ်ခန်း၊ ဓာတ်မှန်ဆောင်၊ ကလေးလူနာဆောင်တို့အား လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီက ကြီးမှူးကျင်းပသော ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ဆေးပဒေသာပင် လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ဆေးပဒေသာပင် လှူဒါန်းပွဲကိုကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် ငွေကျပ် ၁၀သိန်းကို တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက လည်းကောင်း၊ မိခင်ကြီး ဒေါ်စန်းရီအားအမှူးထား၍ ဒေါက်တာဒေါ်ခင်ရီ (ရှိုင်းဟုတ်ကုမ္ပဏီ)က လှူဒါန်းသည့် ငွေကျပ် သိန်း ၅၀ ကို ဒေါ်ခင်ခင်စိုးကလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ခရမ်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်စိုးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင် သံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာနိုအယ်လ် ကလော်ဒီရိုကယ်ဘရီရာအားခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရက သဘောတူညီလိုက်ပြီဖြစ်သည်။

မစ္စတာ နိုအယ်လ်ကလော်ဒီရို ကယ်ဘရီရာသည် ၁၉၄၅ ခုနှစ် ဇန်နဝါရီ ၁၈ရက်တွင် မွေးဖွားသည်။ ၎င်းသည် ဖိလစ်ပိုင်တက္ကသိုလ်မှ လူထုဆက်ဆံရေးဝိဇ္ဇာဘွဲ့ကို ၁၉၆၉ ခုနှစ်တွင် ရရှိခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် သတင်းရေးသူအဖြစ် မနီလာတိုင်းမ်ရေဒီယို၌ တာဝန်ထမ်းဆောင်ခဲ့ပြီး သဘာဝအရင်းအမြစ်ဝန်ကြီးဌာနရှိ ပြန်ကြားရေးဌာနခွဲ၏ အုပ်ချုပ်ရေးမှူးအဖြစ် ၁၉၇၄ မှ ၁၉၇၆ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၆ မှ ၁၉၉၈ ခုနှစ်အထိ ဖိလစ်ပိုင်နိုင်ငံရှိ သတင်းဌာနအများအပြားတွင် ရာထူးတာဝန်အဆင့်ဆင့်ကို ထမ်းဆောင်ခဲ့သည်။ ၁၉၉၈ မှ ၂၀၀၁ ခုနှစ်အထိ မာလာကာညန် သမ္မတနန်းတော်၌ လက်ထောက်ပြန်ကြားရေး အတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၁-၂၀၀၂ ခုနှစ်အထိ မာလာကာညန်သမ္မတနန်းတော် ပြန်ကြားရေးရုံး၌ ပြန်ကြားရေးအတွင်းဝန်အဖြစ် လည်းကောင်း၊ သမ္မတရုံးရှိ အမျိုးသားလုံခြုံရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းမှုကော်မတီတွင် အဖွဲ့ဝင်အဖြစ် လည်းကောင်း တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၂ မှ ၂၀၀၃ ခုနှစ်အထိ ကိုကိုးလိုက်ဖ်ခေါ် ဖိလစ်ပိုင် အာမခံလုပ်ငန်းကော်ပိုရေးရှင်း၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၃ ခုနှစ်မှစ၍ ယခုအချိန်အထိ ရိုမေးနီးယားဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီးအဖြစ်ဖြင့် ဘူလ်ဂေးရီးယားနှင့် မိုလ်ဒိုဗာနိုင်ငံများကိုပါ ပူးတွဲတာဝန်ယူ၍ ထမ်းဆောင်လျက်ရှိသည်။

မစ္စတာနိုအယ်လ်ကလော်ဒီရိုကယ်ဘရီရာသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးလေးဦးရှိသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၇-၂-၂၀၀၇ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၁၅** ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- **၄:၃၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၅၅** ၆။ မျိုးချစ်တပ်မတော်
- **၅:၂၅** ၇။ ပညာခေတ်
- **၅:၄၀** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၁။ မိုးလေဝသသတင်း
- **၆:၃၀** ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သံစဉ်မဲ့မေတ္တာ" (အပိုင်း-၁၂)**
- **၈:၀၀** ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ မွေးမြူသုတ
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးနဂါးသိုင်းရှစ်ကွက်" (အပိုင်း-၉)**
- ၂၀။ သင့်အတွက်မနက်ဖြန်
- ၂၁။ အပိတ်နှုတ်ဆက်စကား
- ၂၂။ ပြီးပါပြီ။

# (၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

## ကံမြင့်ကျောင်းတိုက် အထူးတရားပွဲများကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် ဓမ္မသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၈ ရက်တွင် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ (ပါမောက္ခချုပ် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ်)၊ မတ် ၁ ရက်တွင် ဒေါက်တာ အရှင်နန္ဒက၊ မတ် ၂ ရက်တွင် ဒေါက်တာအရှင်ပညိသရ(ဓမ္မဒူတတောရ သာသနာ့ရိပ်သာ)၊ မတ် ၃ ရက်တွင် ဒေါက်တာအရှင်သောပါက (ဇေတဝန် ဓမ္မာရုံကျောင်း မင်္ဂလာဒုံ)၊ မတ် ၄ ရက်တွင် ဒေါက်တာအရှင်ဣန္ဒက သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် စစ်ကိုင်း၊ မတ် ၅ ရက်တွင် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (ဒုတိယပါမောက္ခချုပ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ် ရန်ကုန်)နှင့် မတ် ၆ ရက်တွင် ဒေါက်တာဉာဏဂ္ဂ (ပညာမြေကျောင်း သဃ်န်းကျွန်းကြီး မင်္ဂလာဒုံ)တို့က နိဗ္ဗာန် ရောက်ကြောင်း တရားတော်များဟောကြားမည်ဖြစ်ပါ၍ ကြွရောက်တရားနာယူနိုင်ကြောင်း သိရသည်။ (က-ပ)

**၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)





# ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

**၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃နာရီတွင် နေပြည်တော် အမှတ်(၇) တည်းခိုရေးစခန်းရှိ (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး တက်ရောက်၍ အမှာစကားပြောကြားသည်။**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့များနှင့် ကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ယနေ့ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးသည် ဒုတိယအကြိမ်ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်၍ ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရန်လိုကြောင်း၊ စစ်ရေးပြ စစ်ကြောင်းများ၏ လုံခြုံရေး၊ ကျန်းမာရေး၊ စားသောက်ရေးတို့တွင် အစစအရာရာ အဆင်ပြေစေရန် ယခုကတည်းက စနစ်တကျဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို ကော်မတီများက မိမိတို့ကော်မတီနှင့်လုပ်ငန်းအဖွဲ့အလိုက် လိုအပ်ချက်ကိစ္စအဝဝကို ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကော်မတီနှင့် လုပ်ငန်းအဖွဲ့များကလည်း လုပ်ငန်းလိုအပ်ချက်များရှိလာပါက မိမိတို့ ဦးစီးကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြသွားကြရန်လိုကြောင်း၊ ယခုနှစ် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို အချိန်ယူ၍ လေ့ကျင့်မည်ဖြစ်၍ တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် စနစ်တကျဖြစ်စေရန် လိုအပ်ကြောင်းဖြင့် ပဏာမ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က စစ်ရေးပြစစ်ကြောင်းများ ရောက်ရှိ တည်းခိုနေထိုင်မှု အခြေအနေ၊ လုံခြုံရေး၊ ကျန်းမာရေးကိစ္စများ စီစဉ်ဆောင်ရွက်ထားရှိမှု၊ တည်းခိုရေးစခန်းများအတွင်း ပန်းအလှပင်နှင့် နှစ်ရှည် အရိပ်ရသစ်ပင်များ စိုက်ပျိုးသွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသော လုပ်ငန်းအဖွဲ့များနှင့် ကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက စစ်ရေးပြလုပ်ငန်းများအခြေအနေ၊ အကောင်းဆုံး စစ်ရေးပြတပ်ခွဲ ရွေးချယ် ဆုချီးမြှင့်ရေး၊ တပ်မတော်နေ့ညစာစားပွဲ ဧည့်ခံကျွေးမွေးရေး၊ မုခ်ဦးတည်ဆောက်ရေး၊ နေရာချထားရေး၊ စစ်ရေးပြကွင်း ပြင်ဆင်ရေး၊ တပ်မတော်နေ့စစ်ရေးပြ လမ်းတစ်လျှောက် စာတန်းများ၊ ဆောင်ပုဒ်များ ချိတ်ဆွဲရေး၊ စစ်ကြောင်းများ သက်သာချောင်ချိရေး၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး၊ မှတ်တမ်းစာအုပ်ပြုစုထုတ်ဝေရေး၊ ကျန်းမာရေးနှင့် ဆေးအကာအကွယ်ပေးရေး၊ လုံခြုံရေးကိစ္စများနှင့်စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

## ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာ ကျောင်းသားဟောင်းများအာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၄ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ရန်ကင်းစင်တာနှင့်ဗဟိုဘဏ်ကြားရှိ မြန်မာနိုင်ငံဘဏ်များအသင်း၌ ကျင်းပမည်ဖြစ်၍ ကျောင်းသား၊ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေ ထည့်ဝင်လိုသူများသည် ကိုမောင်မောင်ဦး ဖုန်း-၀၉-၅၁၄၉၉၇၇၊ ကိုမျိုးသန်းထွန်း ဖုန်း-၀၉-၈၀-၂၀၀၁၃၊ ကိုစိုးကိုကို ဖုန်း-၀၉-၅၁၈-၁၁၄၃၊ မမြတ်သဉ္ဇာဝင်း ဖုန်း-၇၂၁၄၈၈၊ မထားအိဝင်း ဖုန်း-၅၂၆၆၂၃၊ မသူဇာဝင်း ဖုန်း-၂၄၃၂၆၇၊ ၅၄၀၃၂၆၊ မမျိုးမြတ်မွန် ဖုန်း-၃၈၁၇၃၃နှင့် မကြည်ကြည်သန့် ဖုန်း-၀၉-၅၁၈-၁၅၂၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။(က-ပ)

## ရှမ်းပြည်နယ်မှ ဘွဲ့တံဆိပ်တော်ရ သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ကမ္ဘာ့ဇသာသနာ့ဗိမာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ဦးဆောင်၍ ရန်ကုန်ရောက် ရှမ်းပြည်နယ်သူ၊ ပြည်နယ်သားများ စုပေါင်းပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၇)ဖြင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များအပ်နှင်းခြင်းခံရသော ရှမ်းပြည်နယ်မှ သံဃာတော် ၁၉ပါးတို့အား ဂုဏ်ပြုပူဇော်ပွဲကို ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း အမှတ်-၇၁(က/ခ)ရှိ ကမ္ဘာ့ဇ သာသနာ့ဗိမာန်တွင် (၁၃၆၈ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်) မတ် ၃ရက် (စနေနေ့) မွန်းလွဲ၁နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ပြည်နယ်သူ၊ ပြည်နယ်သားများ ကြွရောက်ကြရန် ဖိတ်ကြားထားကြောင်းနှင့် ဒါတဗ္ဗဝတ္ထုတို့ဖြင့် ဆက်ကပ်လှူဒါန်းလိုသူများ ဖုန်း-၃၈၁၄၃၉၊ ၂၂၇၃၅၈နှင့် ၆၆၂၇၃၂တို့သို့ ကြိုတင်ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၂-၂၀၀၇ (အင်္ဂါနေ့)

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | အချိန်တိုင်းတွေးနေရင်း ဘဝပြောင်းနေသည် တရားတော် (အပိုင်း-၃) အရှင်ဇေယျပဏ္ဍိတ (ပိုင်းလော့)ဆရာတော် |
| ၈း၀၅ | တေးဂီတအစီအစဉ် |
| ၈း၁၀ | Sunday Talk |
| ၈း၅၀ | တေးဂီတအစီအစဉ် |
| ၈း၅၅ | "ချစ်စရာ့အဖော်"Hamster |
| ၉း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၃၀ | Music Gallery (ပန်းအိဖြူ-အညာသူလေးရဲ့ ပန်းစကား) |
| ၁၀း၀၅ | ဆီးချို၊ သွေးချိုရောဂါနှင့် အင်ဆူလင်အသုံးပြုပုံအကြောင်း (အပိုင်း-၂) ဒေါက်တာသန်းသန်းအေး |
| ၁၀း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၃၀ | တေးဂီတအစီအစဉ် |
| ၁၀း၃၅ | သုံးဆယ်ရေလှောင်တမံ |
| ၁၀း၄၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၅၀ | ကျွန်းသင်းသတ်ခြင်းလုပ်ငန်း |
| ၁၁း၀၅ | တေးဂီတအစီအစဉ် |
| ၁၁း၁၀ | အောင်မြင်ပျော်ရွှင် ဇနီးမောင်နှံဘဝတွင် (ရန်ကျော်နှင့် မေခလာ) |
| ၁၁း၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၂း၀၀ | မှတ်သားလေ့လာ ပြတိုက်ခင်းကျင်းမှုပညာ |
| ၁၂း၁၀ | တေးဂီတအစီအစဉ် |
| ၁၂း၁၅ | လင်းလက်တောက်ပ သဘော်ဆေးအလှ |
| ၁၂း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၃၀ | တေးဂီတအစီအစဉ် |
| ၁၂း၃၅ | ၂၀၀၄ခုနှစ်၏ အကောင်းဆုံးအသံတည်းဖြတ်ဆုရ 'ဦးအေးမြင့်'နှင့်တွေ့ဆုံခြင်း |
| ၁၂း၄၀ | ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ် (လွင်မိုး၊ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ခင်သန်းနွယ်) |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

### FA Cup ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၂၈ | Reading-Man Utd. | 5-Sports(Live) |

# အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရှမ်နှင့် အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

**ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ အလုပ်သဘော အလည်အပတ်ခရီးအဖြစ် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တန်ကြားရှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ ညနေ ၆နာရီခွဲတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

**တက်ရောက်**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ် ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာကွမ်မုနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာ မသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ အနုပညာရှင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ညစာသုံးဆောင်အပြီးတွင် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရှမ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

ယင်းနောက် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရှမ်သည် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။ (သတင်းစဉ်)

## ဂုဏ်ပြု ညစာစားပွဲ တည်ခင်းဧည့်ခံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)



**✳ အတွင်းရေးမှူး(၁)မှ**

ရောက်ရှိလာရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များက ကြိုဆိုကြပြီး နေပြည်တော်လေဆိပ်ဧည့်ခန်းမ၌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရှမ်အား ခရီးစဉ်မှတ်တမ်းဓာတ်ပုံ အယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးညဏ်ထွန်းအောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)



တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရှမ်အား ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တန်ကြားရှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ အလုပ်သဘော အလည်အပတ်ခရီးအဖြစ် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂နာရီတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။**

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီဝင် မစ္စတာ တန်ကြားရှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် ဟိုတယ်သို့ ထွက်ခွာသွားကြသည်။

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ– နိုင်ငံတော်ကောင်စီ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာရှန်းကျောက်လွင်နှင့် အဖွဲ့သည် ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။

ထိုမှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာရှန်းကျောက်လွင်နှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာရှန်းကျောက်လွင်နှင့် အဖွဲ့သည် ဧည့်ခံတန်ဆောင်းရှိ ရွှေတိဂုံပုံတူရွှေစေတီအား ကြည်ညိုကြပြီး ဂေါပကအဖွဲ့ဝင် ဦးဘရွှေက ရွှေတိဂုံစေတီတော်မြတ်ကြီး၏ သမိုင်းကြောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ကောင်စီ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ရှန်းကျောက်လွင်နှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီး ဧည့်ခံတန်ဆောင်း၌ ကိန်းဝပ်စံပယ်လျက်ရှိသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ အလင်းတိုင်နှင့် အမွှေးနံ့သာတိုင်များဖြင့် ကပ်လှူပူဇော်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်ကောင်စီ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ရှန်းကျောက်လွင်သည် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံ၍ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဂေါပကအဖွဲ့က ရွှေတိဂုံစေတီတော်မြတ်ကြီးပုံတော်အား ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ကောင်စီ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာရှန်းကျောက်လွင်နှင့် အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ကြည်ညိုပြီး သာသနိကအဆောက်အအုံများကို ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

## ထူးခြားသည့် ညအပူချိန်များ

၂၆-၂-၂၀၀၇

| | |
|---|---|
| ဟားခါးနှင့် အမ်း | ၄ ဒီဂရီစင်တီဂရိတ် |
| လားရှိုး၊ ပင်လောင်းနှင့် မိုးကုတ် | ၇ ဒီဂရီစင်တီဂရိတ် |
| ရန်ကုန် | ၂၂ ဒီဂရီစင်တီဂရိတ် |

# တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ဖွင့်လှစ်ပေး

နေပြည်တော်    ဖေဖော်ဝါရီ    ၂၆

**၂၀၀၆–၂၀၀၇ ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၆ နာရီတွင် မန္တလေးမြို့ ရေတံခွန်တောင်ဂေါက်ကွင်း၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်း ၁၆ သင်းတို့မှ ဂေါက်သီးရိုက် အားကစားသမားများ တက်ရောက်ကြသည်။**

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသောကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်တို့က Tracer Ball များရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်း ၁၆ သင်းတို့မှ ဂေါက်သီးရိုက် အားကစားသမားများသည် ၂၀၀၆–၂၀၀၇ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမနေ့(၁၈)ကျင်းကို စတင်ယှဉ်ပြိုင်ကြပြီး ညနေပိုင်းတွင် ပထမနေ့ပြိုင်ပွဲများကို ရပ်နားလိုက်သည်။

၂၀၀၆–၂၀၀၇ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒုတိယနေ့နှင့် နောက်ဆုံးနေ့အဖြစ် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၆ နာရီတွင် မန္တလေးမြို့ ရေတံခွန်တောင်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်တို့ တက်ရောက်ကြပြီး ပြိုင်ပွဲဝင်အသင်း ၁၆ သင်းတို့မှ ဂေါက်သီးရိုက် အားကစားသမားများသည် သတ်မှတ်ပွဲစဉ်များအတိုင်း ဆက်လက်ယှဉ်ပြိုင်ကြရာ ပွဲစဉ်များအားလုံး ညနေပိုင်းတွင် ကျင်းပပြီးစီးသွားသည်။

## ညှော်ခံဖျော်ဖြေ

ထို့နောက် ၂၀၀၆–၂၀၀၇ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဖလား တပ်မတော် (ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ညနေ ၆ နာရီတွင် ရေတံခွန်တောင် ဂေါက်ကွင်း၌ ကျင်းပရာ ဆုချီးမြှင့်ပွဲ မစတင်မီ တေးသံရှင်များက မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ၏ ခေတ်ပေါ် တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံသာများဖြင့် သီဆိုညှော်ခံ ဖျော်ဖြေကြသည်။

ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးငွေသန်းက ၂၀၀၆–၂၀၀၇ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊လေ)ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက် (အကျောပေး)ပြိုင်ပွဲတွင် တတိယဆုရ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်း၊ ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) အသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီး ချုပ်ရုံး(လေ)မှ ဗိုလ်မှူးကြီးသိန်းနိုင်က အသင်းလိုက် (အကျောမဲ့) ပြိုင်ပွဲတွင် တတိယဆုရ အရှေ့ပိုင်းတိုင်းစစ်ဌာန ချုပ် အသင်း၊ ဒုတိယဆုရ တြိဂံဒေသ တိုင်း စစ်ဌာနချုပ်အသင်း၊ ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)အသင်း တို့အားဆုများကိုပေးအပ်ချီးမြှင့်သည်။

ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ငွေစိုးက တစ်ဦးချင်း (အကျောပေး)ပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများနှင့် တစ်ဦးချင်း (အကျောမဲ့)ပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်လှဝင်းက (Most Par၊ Most Birdie၊ Most Eagle)ဆု ရရှိသူများအား ဆုများကို ပေးအပ် ချီးမြှင့်သည်။

ယင်းနောက် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က နေ့အလိုက် တစ်ဦးချင်းအကောင်းဆုံး (အကျော ပေး) ဆုရရှိသူများ၊ နေ့အလိုက် တစ်ဦးချင်း အကောင်းဆုံး(အကျောမဲ့) ဆုရရှိသူများအား ဆုများကို ချီးမြှင့် သည်။

ဆက်လက်၍ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်ဇော်က နေ့အလိုက် (Longest Drive) ဆုရရှိသူများ၊ နေ့အလိုက် (Nearest Pin) ဆုရရှိသူများနှင့် တစ်ဦးချင်း (အကျောပေး)အကြိုးစား ဆုံးဆု၊ တစ်ဦးချင်း (အကျောမဲ့) အကြိုးစားဆုံးဆုနှင့် အသင်းလိုက် (အကျောပေး) အကြိုးစားဆုံးဆု ရရှိ သူများအား ဆုများကို ပေးအပ်ချီးမြှင့် သည်။

ထို့နောက် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ၂၀၀၆–၂၀၀၇ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက် (အကျောပေး) ပြိုင်ပွဲတွင် တံခွန် စိုက်ဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) အသင်းနှင့် အသင်းလိုက် (အကျောမဲ့) ပြိုင်ပွဲတွင် သုံးနှစ် ဆက်တိုက် တံခွန်စိုက်ဆုရ ကာကွယ် ရေးဦးစီးချုပ်ရုံး(ရေ) အသင်းတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက် ဆုဖလားကြီးများကို ပေး အပ်ချီးမြှင့်သည်။

ယင်းနောက် တာဝန်ရှိသူများက တစ်ဦးချင်းဆုရရှိကြသူများအားဆုများ ကို ပေးအပ်ချီးမြှင့်ကြပြီးဆုချီးမြှင့်ခြင်း အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များ သည် တပ်မတော် ကာကွယ်ရေးဦးစီး ချုပ်၏ တံခွန်စိုက်ဖလား ဆွတ်ခူး ရရှိသွားသော ကာကွယ်ရေးဦးစီးချုပ် ရုံး(လေ) အသင်းနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး (ရေ) အသင်းတို့မှ အားကစားသမားများနှင့်အတူစုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ➪



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆–၂၀၀၇ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲကို Tracer Ball ရိုက်၍ ဖွင့်လှစ်ပေးစဉ်။**
(သတင်းစဉ်)



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ၂၀၀၆–၂၀၀၇ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက် ပြိုင်ပွဲ အသင်းလိုက် (အကျောမဲ့)ပြိုင်ပွဲတွင် သုံးနှစ်ဆက်တိုက် တံခွန်စိုက်ဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းအား တံခွန်စိုက်ဆုဖလားကြီးကို ပေးအပ်ချီးမြှင့်စဉ်။**
(သတင်းစဉ်)




**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များ ၂၀၀၆–၂၀၀၇ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက် (အကျောမဲ့)ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အသင်းမှ အားကစားသမားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**
(သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များ ၂၀၀၆–၂၀၀၇ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက် (အကျောပေး)ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းမှ အားကစားသမားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**
(သတင်းစဉ်)



## ☆ နိုင်ငံတော်မှ

ယင်းသို့ မြန်မာနိုင်ငံ၏ အဆိုပါဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ အောင်မြင်စွာ ဖော်ဆောင်နိုင်လျက်ရှိရာ အပြီးတိုင် အောင်မြင်ပြီးမြောက်သွားမည်ကို စိုးရွံ့သော၊ မလိုလားသော ပြည်တွင်း ပြည်ပ အဖျက်သမားများက ထိုလုပ်ငန်းစဉ်များ ပျက်ပြားသွားစေရန်ရည်ရွယ်လျက် မြန်မာနိုင်ငံ၏အရေးကိစ္စအား ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ဝင်ရောက်အရေးယူဆောင်ရွက်ရေးအတွက် ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းကို လုံခြုံရေးကောင်စီ၌ တင်သွင်းခဲ့သည်။ သို့သော် ၎င်းတို့၏ အဆိုပြုတင်ပြချက်မှာ ဗီတိုအာဏာဖြင့် ပယ်ချခြင်းခံခဲ့ရသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အမေရိကန်နှင့် ဗြိတိန်တို့ ပူးပေါင်းတင်သွင်းခဲ့သော မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းပါ ၎င်းတို့၏ အဓိကလိုလားချက်ကိုကြည့်ပါက ပြည်တွင်းမှ NLD ပါတီနှင့်လည်းကောင်း၊ လက်ကျန် တောတွင်းလက်နက်ကိုင် သောင်းကျန်းသူများနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးရေးကိုသာ အလေးထားတောင်းဆိုထားကြောင်း တွေ့ရှိရသည်။

အမေရိကန်နှင့် ဗြိတိန်တို့၏ ၎င်းတောင်းဆိုချက်ပါ ဆုံးဖြတ်ချက်မူကြမ်းကို ပြည်တွင်းမှ NLD ပါတီနှင့် အပေါင်းပါများ၊ လက်ကျန်တောတွင်းလက်နက်ကိုင် သောင်းကျန်းသူအဖွဲ့များနှင့် ပြည်ပြေးအဖွဲ့များက ဝမ်းသာအားရ ကြိုဆိုထောက်ခံခဲ့ကြသည်။ ထို့ပြင် ၎င်းတို့၏ဆုံးဖြတ်ချက်မူကြမ်း ဗီတိုအာဏာဖြင့် ပယ်ချခံခဲ့ရပြီးသည့် နောက်ပိုင်း တစ်လျှောက်လုံး၌လည်း လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်မူကြမ်း ထပ်မံတင်သွင်းရေးနှင့် ၎င်းတို့နှင့် တွေ့ဆုံဆွေးနွေးရေးတို့ကိုသာ ဆုပ်ကိုင်တောင်းဆိုပြီး အချိန်ကိုက် ဆန့်ကျင်လှုပ်ရှားမှုများ ဆက်စပ်ပြုလုပ်လျက်ရှိကြောင်း တွေ့ရှိရသည်။

ယင်းသို့ အချိန်ကိုက်လှုပ်ရှားမှုများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ အထင်အမြင်လွဲမှားလာစေရန် ဘာသာရေးဖိနှိပ်မှု၊ တိုင်းရင်းသူများအပေါ် မတရားပြုကျင့်မှု၊ ကလေးစစ်သားအသုံးပြုမှု စသည်များ ပြုလုပ်နေသည်ဟူသည့် လုပ်ကြံစွပ်စွဲမှုများဖြင့်လည်းကောင်း၊ ပြည်တွင်း နိုင်ငံရေးဆန့်ကျင်လှုပ်ရှားမှုများနှင့် ဆက်စပ်၍ ပြည်တွင်းသို့ အကြမ်းဖက်အဖျက်သမားများ စေလွှတ်ပြီး ဖောက်ခွဲဖျက်ဆီးမှု၊ သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်ခြင်းဖြင့်လည်းကောင်း ပေါင်းစပ်လုပ်ဆောင်နေကြောင်း သတင်းများဖော်ထုတ်ရရှိသဖြင့် ကြိုတင်သိရှိ သတိပြုနိုင်ကြစေရန် ထုတ်ပြန်ဖော်ပြပေးလျက်လည်းရှိသည်။

ယခုထပ်မံ ဖော်ထုတ်ရရှိသော သတင်းများအရ ပြည်ပြေးများ၊ ဆန့်ကျင်ဘက်အဖွဲ့များနှင့် လက်ကျန် တောတွင်းလက်နက်ကိုင် သောင်းကျန်းသူအဖွဲ့များ ပူးပေါင်းဖွဲ့စည်းထားသည့် မဟာဗျူဟာ ညှိနှိုင်းရေးကော်မတီ (Strategic Consultant Committe-SCC)၏ အစည်းအဝေးတစ်ရပ်ကို တစ်ဖက်နိုင်ငံ မဲဆောက်မြို့ မြောက်ဘက်မဲလမတ်မြို့နယ် အပန်းဖြေစခန်းတစ်ခုတွင် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ ပြုလုပ်ခဲ့ကြောင်း၊ ယင်းအစည်းအဝေးသို့ NCGUB၊ NCUB၊ တိုင်းရင်းသားလူမျိုးများကောင်စီဆိုသည့် ENC၊ မြန်မာနိုင်ငံဒီမိုကရက်တစ် အင်အားစုဆိုသည့် FDB၊ မြန်မာနိုင်ငံအမျိုးသမီးများအဖွဲ့ချုပ်ဆိုသည့် WLB၊ မြန်မာနိုင်ငံကျောင်းသားလူငယ်များ ကွန်ဂရက်ဆိုသည့် SYCBနှင့် လက်ကျန်တောတွင်းလက်နက်ကိုင် သောင်းကျန်းသူအဖွဲ့များမှ လူ ၇၀ခန့် တက်ရောက်ခဲ့ကြကြောင်း၊ မူလ တက်ရောက်ရန် အစီအစဉ်ရှိသည့် ပြည်တွင်းလူငယ် နှစ်ဦးမှအပ ကျန်အဖွဲ့များအားလုံး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

အဆိုပါ အစည်းအဝေးတွင် KNU ဗဟိုမှ ပဒိုဘသင်၊ တာမလာဘောနှင့် ပဒိုမန်းရှာ၊ MPU မှ ပီတာလင်းပင်၊ NLD(LA)မှ ဦးတင်အောင်နှင့် ဒေါ်စန်းစန်း၊ PPLOမှ ခွန်ဥက္ကာ၊ KNPP မှ ခုထဲဘူးဖဲ၊ ရှမ်းအဖွဲ့တစ်ဖွဲ့မှ ဆဆိုင်းစစ်တို့က အလှည့်ကျသဘာပတိများအဖြစ်လည်းကောင်း၊ NCGUBမှ ဒေါက်တာဆန်းဝင်း၊ KNPPမှ ရီမွန်ထူး၊ MPU မှ ဦးသိန်းဦး၊ ABSDF မှ မျိုးဝင်းနှင့် မိဆူးပွင့်၊ DPNS မှ အောင်မိုးဇော်တို့က အခမ်းအနားမှူးများအဖြစ်လည်းကောင်း၊ ဟန်ညောင်ရွှေ၊ နွယ်အောင်(ဂျာမနီ)နှင့် ဒေါက်တာမင်းညို(ဂျပန်)တို့က ပြည်ပမှ အထူးဖိတ်ကြားထားသူများအဖြစ်လည်းကောင်း တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

အစည်းအဝေးအစီအစဉ်အရ မြန်မာနိုင်ငံတွင်ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံနှင့် နိုင်ငံရေးလမ်းပြမြေပုံ အချက် (၇)ချက်တို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ လုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်း ပယ်ချခံရခြင်းနှင့် ပတ်သက်၍လည်းကောင်း NCGUB မှ ဒေါက်တာသောင်းထွန်း၊ ဘိုလှတင့်နှင့် NCUB မှ ပြည်သစ်ညွန့်ဝေ(ခေါ်) မောင်မောင်တို့က ဦးဆောင်၍ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

အဆိုပါ ပြည်တွင်း ပြည်ပ အဖျက်သမားများ ပူးပေါင်းဖွဲ့စည်းထားသော SCCအစည်းအဝေးက မြန်မာနိုင်ငံ၏ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းစဉ်များ ထိခိုက်ပျက်ပြားစေရန်အတွက် ဆန့်ကျင်နှောင့်ယှက် ဖျက်ဆီးရန် အောက်ပါအဖျက်လုပ်ငန်းစဉ်များ ချမှတ်ခဲ့ကြောင်းလည်း သိရှိရသည်။ ၎င်းတို့မှာ–

– နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး လုပ်ငန်းစဉ်များသည် ၎င်းတို့၏တွေ့ဆုံဆွေးနွေးရေးတောင်းဆိုချက်များအား ပိတ်ဆို့တားဆီးလျက်ရှိသဖြင့် အဆင့်တိုင်းတွင် နှောင့်ယှက်ဖျက်ဆီးသွားရန်၊
– ၎င်းတို့အဖွဲ့များအကြား၌လည်း လမ်းပြမြေပုံ (Road Map) ရှိသင့်သဖြင့် ၎င်းကိစ္စကို NCUB၊ NCGUB နှင့် ENC တို့ ညှိနှိုင်းအဖြေရှာရေးဆွဲသွားရန်၊
– ကုလသမဂ္ဂလုံခြုံရေးကောင်စီ Agenda တွင် မြန်မာ့အရေးဆက်လက်ပါဝင်အောင် ကြိုးပမ်းသွားရန်နှင့် လုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး ထပ်မံကြိုးပမ်းသွားရန်၊
– အပြည်ပြည်ဆိုင်ရာတရားရုံးချုပ် (International Court of Justice) တွင် မြန်မာနိုင်ငံအား အရေးယူဆောင်ရွက်နိုင်ရေးအတွက် ပြည်ပရှိ ဆန့်ကျင်ဘက်အဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်၊
– ထိုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲရလဒ်အား နေရာတိုင်း အဆင့်တိုင်းတွင် အသေဆုပ်ကိုင်ဆောင်ရွက်သွားရန်

စသည်တို့ဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် ၎င်းအစည်းအဝေးနှင့်ပတ်သက်ပြီး ဖေဖော်ဝါရီ ၂၄ ရက် ညပိုင်း၌ VOA က SCC ၏ ပြောခွင့်ရဆိုသူ KNU နိုင်ငံရေးသမား ပဒိုမန်းရှာနှင့် ဆက်သွယ်မေးမြန်းရာတွင် ပဒိုမန်းရှာက ယနေ့ အမျိုးသားညီလာခံက ချမှတ်ထားသည့် အခြေခံမူများဖြင့် ရေးဆွဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို လက်မခံနိုင်ကြောင်း၊ ဒီမိုကရက်တစ် ဖက်ဒရယ်မူကိုသွားသည့် အခြေခံဥပဒေရေးဆွဲရန်အတွက် ၁၉၉၄ ခုနှစ်ကတည်းက စလုပ်လာကြောင်း၊ ယခု မူကြမ်း အဆင့် ရေးဆွဲလျက်ရှိကြောင်း ပြောကြားသွားသည်ကိုလည်း တွေ့ရှိရသည်။

အဆိုပါ သတင်းများနှင့်စပ်လျဉ်း၍ အများပြည်သူများအတွင်း ဝေဖန်သုံးသပ်ပြောကြားလျက်ရှိရာ–

ပဒိုမန်းရှာ ပြောကြားသွားသော ဒီမိုကရက်တစ် ဖက်ဒရယ်မူကိုသွားသည့် အခြေခံဥပဒေဆိုသည်မှာ ၁၉၉၅ ခုနှစ်က KNU ဗဟိုက ဦးဆောင်ကျင်းပခဲ့သည့် မဲသရောထ ကြေညာချက်ပါ ပြည်နယ် (၈)ပြည်နယ် အခြေခံထားသည့် ဖက်ဒရယ်မူပင်ဖြစ်ကြောင်း၊ ၎င်းမဲသရောထ ကြေညာချက်ပါ ဖက်ဒရယ်မူတွင် ပြည်ထောင်စုကို ပြိုကွဲစေနိုင်သည့် မျိုးစေ့များ အများအပြား ပါဝင်လျက်ရှိကြောင်း၊ ၎င်းမဲသရောထ ကြေညာချက်ကို ဒေါ်စုကြည်နှင့် NLD က ထောက်ခံထားသည်ကို တွေ့ရှိရကြောင်း။

**ယခုအခါ ပြည်တွင်းပြည်ပအဖျက်သမားများသည် အမျိုးသားညီလာခံ ပျက်ပြားရေးနှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်များ ရပ်ဆိုင်းသွားရေးအတွက် အချိန်ကိုက်ဟန်ချက်ညီ ပူးပေါင်းလှုပ်ရှားမှုများ ပြုလုပ်လျက်ရှိရာတွင် မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုများကိုလည်း ထပ်မံပြုလုပ်လာကြောင်း။**

ပြည်တွင်း၌ နိုင်ငံရေးဆန့်ကျင်လှုပ်ရှားမှုများနှင့် ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်ပြီး ဆူပူအုံကြွမှုများ ဖြစ်ပွားအောင် အချိန်ကိုက် လုပ်ဆောင်လာခြင်း သတင်းမြင်ကွင်းများကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၂ ရက် နောက်ပိုင်းတွင် ဆက်တိုက် တွေ့မြင် ကြားသိနေရကြောင်း။

**ထို့ပြင်မက ယခု SCC အစည်းအဝေးက ပြည်ထောင်စုကြီးပြိုကွဲပျက်စီးစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲပျက်စီးစေရန်အထိ ရည်ရွယ်ချက်ရှိရှိဖြင့် ကြံစည်လုပ်ဆောင်လာသည်ကို တွေ့ရှိရကြောင်း။**

**သက်ဆိုင်ရာက ပြည်တွင်းပြည်ပအဖျက်သမားများ၏ မသမာသော အကြံအစည်နှင့် လုပ်ရပ်များကို အချိန်မီ စုံစမ်းရယူဖော်ထုတ်ပြီး အများပြည်သူများ နိုင်ငံရေးအသိနှင့် လုံခြုံရေးသတိ ပိုမိုထားရှိနိုင်ကြစေရန် ထုတ်ပြန်အသိပေး နေမှုကို မိမိတို့ အမှုမဲ့ အမှတ်မဲ့ မနေသင့်တော့ကြောင်း။**

**မစားရသည့်အမဲ သဲနှင့်ပက်ဆိုသကဲ့သို့ ပြည်ပအားကိုးဖြင့် မလျှော့စတမ်း လုပ်ကြံကျူးလွန်လာမည့် ဘေးအန္တရာယ် အသွယ်သွယ်ကို နိုင်ငံတော်၏ လုံခြုံရေးအစီအမံများနှင့်အညီ ကာကွယ်တားဆီးတိုက်ဖျက်ရေးတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း** စသည်ဖြင့် ဝေဖန်ပြောကြားနေကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

*** သက်ဆိုင်ရာက ပြည်တွင်းပြည်ပ အဖျက်သမားများ၏ မသမာသော အကြံအစည်နှင့် လုပ်ရပ်များကို အချိန်မီ စုံစမ်းရယူဖော်ထုတ်ပြီး အများပြည်သူများ နိုင်ငံရေး အသိနှင့် လုံခြုံရေးသတိ ပိုမိုထားရှိနိုင်ကြစေရန် ထုတ်ပြန် အသိပေးနေမှုကို မိမိတို့ အမှုမဲ့အမှတ်မဲ့ မနေသင့်တော့၊**

*** မစားရသည့်အမဲ သဲနှင့်ပက်ဆိုသကဲ့သို့ ပြည်ပအားကိုး ဖြင့် မလျှော့စတမ်း လုပ်ကြံကျူးလွန်လာမည့် ဘေး အန္တရာယ် အသွယ်သွယ်ကို နိုင်ငံတော်၏ လုံခြုံရေးအစီ အမံများနှင့်အညီ ကာကွယ်တားဆီးတိုက်ဖျက်ရေးတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်၊**

စာမျက်နှာ ၉ မှ

၂၀၀၆–၂၀၀၇ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက် (အကျော့မဲ့)ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၆၃၄ ချက်ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အသင်းက ပထမ၊ စုစုပေါင်းရိုက်ချက် ၆၈၇ ချက်ဖြင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်အသင်းက ဒုတိယ၊ စုစုပေါင်းရိုက်ချက် ၆၉၃ ချက်ဖြင့် အရှေ့ပိုင်းတိုင်းစစ်ဌာချုပ်အသင်းက တတိယရရှိကြပြီး အသင်းလိုက် (အကျော့ပေး)ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၅၁၇ချက်ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းက ပထမ၊ စုစုပေါင်းရိုက်ချက် ၅၄၁ ချက်ဖြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းက ဒုတိယ၊ စုစုပေါင်းရိုက်ချက် ၅၅၃ ချက်ဖြင့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက တတိယရရှိကြသည်။

တစ်ဦးချင်း (အကျော့ပေး)ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၂၁ ချက်ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းမှ ဗိုလ်ကြီးတင်မောင်ဦးက ပထမ၊ စုစုပေါင်းရိုက်ချက် ၁၂၅ ချက်ဖြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းမှ ဗိုလ်ကြီးစိုးဟိန်းစိုးကဒုတိယ၊ စုစုပေါင်းရိုက်ချက် ၁၂၈ ချက်ဖြင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်အသင်းမှ ဗိုလ်ကြီးအောင်နိုင်ဝင်းက တတိယ ရရှိကြသည်။

တစ်ဦးချင်း (အကျော့မဲ့)ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၁၅၃ ချက်ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းမှ ဗိုလ်ကြီးဇော်မင်းက ပထမ၊ စုစုပေါင်းရိုက်ချက် ၁၅၃ ချက်ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) အသင်းမှ ဗိုလ်မှူးမောင်မောင်မြင့်က ဒုတိယ၊ စုစုပေါင်းရိုက်ချက် ၁၅၅ ချက်ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းမှ ဒုတိယဗိုလ်မှူးကြီးဇော်မင်းက တတိယရရှိကြကြောင်း သိရှိရသည်။ (သတင်းစဉ်)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ မိဘများနှင့် အစ်ကို၊ အစ်မများဖြစ်ကြသော ဒေါ်ခိုင်၊ ဦးဘသော်–ဒေါ်သီလှ၊ ဒေါ်သိန်းရင်တို့အား ရည်စူး၍ ရန်ကုန်မြို့ လသာလမ်းနေ ညီမ ဒေါ်တင်တင်ဦးနှင့် မောင် ဦးစိန်လွင်တို့က အလှူတော်ငွေကျပ် ၆၀၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ပဓာနနာယက ဦးဆောင်နာယက ဩဝါဒါစရိယ ဗုဒ္ဓဂယာဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ (အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။**

(ကြေးမုံ)

## ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်သို့ တမီလ်(ဟိန္ဒူ)အဖွဲ့မှ ယာဉ်တစ်စီးလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်သို့ ဘုရင့်နောင်ဈေးရှိ တမီလ်(ဟိန္ဒူ) သာရေးနာရေး အကျိုးတော်ဆောင်အဖွဲ့မှ နာရေးကိစ္စဆောင်ရွက်ရန် နိဗ္ဗာန်ယာဉ်တစ်စီး ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၃ရက် မွန်းလွဲ ၂ နာရီတွင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးရုံ အမှတ်(၁)ရှိ သိန်းမော်တော်စတိုးဆိုင်၌ ကျင်းပသည်။

ရှေးဦးစွာ တမီလ်(ဟိန္ဒူ) သာရေးနာရေး အကျိုးတော်ဆောင်အဖွဲ့ ဦးစီးနာယက ဦးအောင်စိုးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်ရွှေက ပြည်တွင်းစက်မှုဇုန်မှ ထုတ်လုပ်သည့် ငွေကျပ်သိန်း ၁၄၀ တန် Light Truck အမျိုးအစားယာဉ် အမှတ်(၈ခ/၁၀၈၉)နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို တမီလ်(ဟိန္ဒူ)သာရေးနာရေး ရန်ပုံငွေအဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းရွှေထံ ထပ်မံလွှဲပြောင်းပေးအပ်သည်။

(သတင်းစဉ်)

ကြေးမုံ The Mirror

## အင် တာ နက် အ နု ပ ညာ သ တင်း

# (၇၉)ကြိမ်မြောက် အော်စကာဆုပေးပွဲ ကျင်းပ

လော့အိန်ဂျလိစ် ဖေဖော်ဝါရီ ၂၆

**(၇၉)ကြိမ်မြောက် အော်စကာ (အကယ်ဒမီ) ဆုပေးပွဲကို အမေရိကန်နိုင်ငံ လော့အိန်ဂျလိစ်မြို့ ဟောလိဝုဒ်ရှိ ကိုဒတ်ရုပ်ရှင်ခန်းမဆောင်တွင် ဖေဖော်ဝါရီ ၂၅ ရက် ညကကျင်းပရာ အကောင်းဆုံး ရုပ်ရှင်ဆု၊ ဒါရိုက်တာဆု၊ မင်းသားဆု၊ မင်းသမီးဆု၊ အမျိုးသားဇာတ်ပို့ဆု၊ အမျိုးသမီးဇာတ်ပို့ဆု၊ နိုင်ငံခြားဘာသာစကားပြော ဇာတ်ကားဆု စသည့် ဆုပေါင်းများစွာကို ချီးမြှင့်ခဲ့သည်။**

အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုအဖြစ် The Departed ဇာတ်ကားကရရှိပြီး ထိုကားကိုရိုက်ကူးသူ ဒါရိုက်တာ မာတင်စကော်စီစီက အကောင်းဆုံးဒါရိုက်တာဆုကို ဆွတ်ခူးသွားသည်။

အကောင်းဆုံးအမျိုးသား သရုပ်ဆောင်ဆုကို The Last King of Scotland ဇာတ်ကားမှ သရုပ်ဆောင်လူမည်းမင်းသားဖောရက်စ်ဝှစ်တိတ်ကာက ရရှိသွားပြီး အကောင်းဆုံးမင်းသမီးဆုကို The Queen ဇာတ်ကားမှ သရုပ်ဆောင်ဟယ်လင်မာရင်ကဆွတ်ခူးသွားသည်။



**အကောင်းဆုံးအမျိုးသားသရုပ်ဆောင် ဖောရက်စ်ဝှစ်တိတ်ကာ။**
(ဓာတ်ပုံ-အင်တာနက်)



**အကောင်းဆုံး ဒါရိုက်တာဆုရ မာတင်စကော်စီစီ။**
(ဓာတ်ပုံ-အင်တာနက်)

အကောင်းဆုံးဇာတ်ပို့မင်းသမီးဆုကို Dreamgirls ဇာတ်ကားမှ မင်းသမီး ဂျနီဖာဟတ်ဆန်က ဆွတ်ခူးသွားပြီး အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုကို Little Miss Sunshine ဇာတ်ကားမှ အလန်အာကင်က ရရှိသွားသည်။

အကောင်းဆုံးနိုင်ငံခြားဘာသာစကားပြော ဇာတ်ကားဆုကို The Lives of Others ဂျာမနီဇာတ်ကားက ဆွတ်ခူးသွားသည်။

အကောင်းဆုံး ဒါရိုက်တာဆုရရှိသူ အသက် (၆၄)နှစ် အရွယ်ရှိ မာတင်စကော်စီစီသည် အော်စကာဆုအတွက် ပဉ္စမ ရွေးချယ်ခံရသူ စာရင်းတွင် သုံးကြိမ်မက ရွေးချယ်ခံခဲ့ရဖူးသူ ဖြစ်သည်။ ယခုနှစ်တွင်မှ အော်စကာဆုကိုရရှိနိုင်ခဲ့ခြင်းဖြစ်သည်။ ၎င်းရိုက်ကူးသော လူဆိုးဂိုဏ်းသရုပ်ဖော် The Departed ရုပ်ရှင်ကားသည်လည်း အကောင်းဆုံး ဇာတ်ကားအဖြစ် ဆုချီးမြှင့်ခံရသည်။

TheQueen ရုပ်ရှင်ကားတွင်ဗြိတိသျှဘုရင်မကြီး ဒုတိယအဲလိဇဘတ်အဖြစ် ပီပြင်စွာ သရုပ်ဆောင်နိုင်ခဲ့သဖြင့် အသက်(၆၁)နှစ်အရွယ်ရှိ မင်းသမီးကြီး ဟယ်လင်မာရင်က အော်စကာဆု ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ အော်စကာဆုပေးပွဲမတိုင်မီ နာမည်ကြီးနေသည့် Dreamgirls ဇာတ်ကားမှာ အမျိုးသမီး ဇာတ်ပို့ဆုကိုက ဂျနီဖာဟတ်ဆန်က ရရှိခဲ့သည်။

***အင်တာနက်။***



**အကောင်းဆုံး မင်းသမီးဆုရ ဟယ်လင်မာရင်။**
(ဓာတ်ပုံ-အင်တာနက်)

# ၂၀၀၆ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆုများနှင့် ပညာသင်ဆုများထုတ်ပြန်ကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပခုက္ကူမြို့မှ စေတနာရှင် ဦးအုံးဖေက နိုင်ငံတော်သို့ လွှဲအပ်လှူဒါန်းသော စာပေရန်ပုံငွေ၏ အတိုးအညွန့်များဖြင့် ၁၉၉၃ခုနှစ်မှ စတင်ပြီး စာမူပြိုင်ပွဲများခေါ်ယူ၍ဆုများကို နှစ်စဉ်ချီးမြှင့်လျက်ရှိရာ ၂၀၀၆ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆုပြိုင်ပွဲတွင် စာပေဆုရရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို မောင်စိုးမြတ်(ချောင်းဦး)၏ **"ငွေကြယ်ရံခဲ အလှသစ်နှင်း ရွှေလမင်းနှင့် အခြားကဗျာများ"**က လည်းကောင်း၊ ဒုတိယဆုကို မြေလတ်မင်းလွင်၏ **"အရုဏ်သစ်မြူ ဖူးပွင့်ဝေစည် ပန်းရွှေပြည် ကဗျာများ"**ကလည်းကောင်း၊ တတိယဆုကို ဇာနည်၏ **"ပွင့်ပန်းသီဂီ ကဗျာများ"**ကလည်းကောင်း ရရှိကြသည်။

ဝတ္ထုရှည်ဆုတွင် ဒုတိယဆုကို သိန်းဇော်(ရွှေလီဦး)၏ **"ရွှေသဲတစ်ပွင့်"**ကလည်းကောင်း၊ တတိယဆုကို သိန်းသန်းဝင်း(မလှိုင်)၏ **"သဇင်လည်းသင်း၊ လမင်းလည်းသာ"**ကလည်းကောင်း ရရှိကြသည်။

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို သွဲ့ထားညို(သက္ကလ)၏ **"ရင်ထဲကမီးနှင့် အခြား ဝတ္ထုတိုများ"** က လည်းကောင်း၊ ဒုတိယဆုကို ပုသိမ်အောင်သန်းဦး၏ **"မှော်ဝတ္ထုတိုများ"**ကလည်းကောင်း၊ တတိယဆုကို နေမျိုးသန့်၏ **"လောကအလှ ဘဝကြေးမုံ ဝတ္ထုတိုများ"**က လည်းကောင်း ရရှိကြသည်။

ကျမ်းစာပေဆုတွင် ပထမဆုကို မောင်ယဉ်လှိုင်(ပျဉ်းမမြိုင်)၏ **"မြန်မာ့ရိုးရာ ပန်းတမော့"**က လည်းကောင်း၊ ဒုတိယဆုကို မောင်တင်ဖူး၏ **"အခြေခံ ကြံကြိတ်ဝါးခြင်းဆိုင်ရာ နည်းပညာရပ်များ"**က လည်းကောင်း ရရှိကြသည်။

သုတေသနစာပေဆုတွင် ပထမဆုကို ဒေါက်တာကျော်သန်းထွန်း(ကန်တုန်ဆေးတက္ကသိုလ်)၏ **"တော်ဝင်ခံ့ထည် မြန်မာ့ပိုးထည်"**က လည်းကောင်း၊ ဒုတိယဆုကို အောင်ငြိမ်းချမ်း(မန်းတက္ကသိုလ်)၏ **"သုတေသန ခရီးသွား ပင်းယ၊ အင်းဝ မှတ်တမ်းများ"**က လည်းကောင်းရရှိကြသည်။

ပခုက္ကူဦးအုံးဖေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် ၂၀၀၆ခုနှစ် **"တစ်သက်တာ စာပေဆု"** အတွက် စာရေးဆရာမကြီးခင်ဆွေဦးအား ရွေးချယ်လိုက်ကြောင်း သိရှိရသည်။

ပခုက္ကူဦးအုံးဖေ ပညာသင်ဆုကို ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ မသီရိရတနာစိုးဟန် (ဒုတိယနှစ်၊ သဘင်)က လည်းကောင်း၊ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)မှ မောင်ဖြိုးဝေထွန်း (ပထမနှစ်၊ပန်းချီ)က လည်းကောင်း ရရှိကြသည်။

၂၀၀၆ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆုနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၁၇ ရက် (စနေနေ့) နံနက် ၉နာရီတွင် ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

ဆုရသူများသည် စာတည်းမှူးချုပ် စာပေဗိမာန် အမှတ် (၅၂၉-၅၃၁)ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၀၀၄၈ နှင့် ၃၈၁၄၄၉ တို့သို့ အမြန်ဆုံး ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရ ကျောင်းသား၊ကျောင်းသူများ စာရင်းထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပညာရေးဝန်ကြီးဌာန ပခုက္ကူဦးအုံးဖေ ရန်ပုံငွေကြီးကြပ်ရေးကော်မတီက ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အလိုက် ပညာရည်ထူးချွန်သူ ကျောင်းသား၊ ကျောင်းသူများစာရင်းနှင့် ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး မြန်မာစာအဓိကဖြင့် တက္ကသိုလ်သင်တန်း တက်ရောက်လျက်ရှိသည့် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ပညာရည်ချွန်ဆုရရှိသူများမှာ မြန်မာစာဘာသာရပ်တွင် မောင်ထွန်းထွန်း (အဘ)ဦးကျော်လတ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မန္တလေးက ပထမ၊ မမြတ်စုသန်း(အဘ)ဦးမြသန်း အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း အင်းစိန်က ဒုတိယ၊ မောင်ထွန်းနောင်လင်း (အဘ)ဦးထွန်းရှင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပုသိမ်က တတိယ၊ အင်္ဂလိပ်စာဘာသာရပ်တွင် မသီရိဝင်း(အဘ)ဦးဝင်းညိန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း ကမာရွတ်က ပထမ၊ မနန်းပိုးပိုးဟန်ထွေး(အဘ)ဦးမောင်မောင် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း လမ်းမတော်က ဒုတိယ၊ မမြတ်သူသူစိုး(အဘ)ဦးသန်းစိုးဝင်း အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တထောင်က တတိယ၊ သင်္ချာဘာသာရပ်တွင် မအိအိလှိုင်(အဘ)ဦးစိန်သောင်း အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း လသာက ပထမ၊ မသီရိဝင်း(အဘ)ဦးဝင်းညိန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ကမာရွတ်က ဒုတိယ၊ မနန်းပိုးပိုးဟန်ထွေး(အဘ)ဦးမောင်မောင် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း လမ်းမတော်က တတိယ၊ ဓာတုဗေဒဘာသာရပ်တွင် မအိအိလှိုင်(အဘ)ဦးစိန်သောင်း အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း လသာက ပထမ၊ ရူပဗေဒဘာသာရပ်တွင် မခင်ခင်လေး (အဘ)ဦးခင်မောင်ချို အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း မော်လမြိုင်က ပထမ၊ ဇီဝဗေဒဘာသာရပ်တွင် မောင်ကောင်းဦးဟန် (အဘ)ဦးတင်စိုးလှိုင် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း အလုံက ပထမ၊ ပထဝီဝင်ဘာသာရပ်တွင် မောင်ခွန်မျိုးထက် (အဘ)ဦးသန်းညွန့် မှတ်တိုင် အခြေခံပညာအထက်တန်းကျောင်း ပေါင်းတည်က ပထမ၊ သမိုင်းဘာသာရပ်တွင် မောင်အောင်မြင့်ထွန်း(အဘ)ဦးဝင်းလှိုင် ဟိုင်းကြီး အခြေခံပညာအထက်တန်းကျောင်း ငပုတောက ပထမ၊ ဘောဂဗေဒဘာသာရပ်တွင် မောင်ဘုန်းမိုးမြင့်(အဘ) ဦးခိုင်ဝင်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း ကမာရွတ်က ပထမ၊ စိတ်ကြိုက် မြန်မာစာဘာသာရပ်တွင် မပောမာဝင်း(အဘ)ဦးသန်းဦး ကျောင်းကုန်းမြို့နယ်က ပထမတို့ဖြစ်ကြသည်။

ပခုက္ကူဦးအုံးဖေ မြန်မာစာထူးချွန်ဆုရရှိကြသည့် ၂၀၀၅ ခုနှစ်အတွက် တက္ကသိုလ်ကျောင်းသူများမှာ မသင်းသင်းဆွေ(အဘ)ဦးကျီးမောင် ရတနာပုံတက္ကသိုလ်၊ မမိုးသီတာထွန်း (အဘ)ဦးအောင်ပွား ရွှေဘိုဒီဂရီကောလိပ်၊ မအာရုံဦး(အဘ) ဦးသန်းဝင်း ရတနာပုံတက္ကသိုလ်၊ မသင်းမာစိုး (အဘ)ဦးဘိုလင်း မုံရွာတက္ကသိုလ်တို့ ဖြစ်ကြသည်။

ပခုက္ကူဦးအုံးဖေ ပညာရည်ထူးချွန်ဆုချီးမြှင့်ခြင်း ခံရသူများသည် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန ဖုန်း-၅၅၄၃၁၄သို့ အမြန်ဆက်သွယ်သတင်းပို့ရန်ဖြစ်ပြီး ဆုရရှိသူများအား မတ် ၁၇ရက် (စနေနေ့)တွင် ပခုက္ကူမြို့၌ ကျင်းပမည့် ပခုက္ကူဦးအုံးဖေ စာပေဆုချီးမြှင့်ပွဲ အခမ်းအနား၌ တပေါင်းတည်း ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror

## အင် တာ နက် ကျန်း မာ ရေး သ တင်း

# တောင်ပစိဖိတ်ဒေသ၌ အဝလွန်သူအများအပြား နေထိုင်



**စားသုံးသော အစားအစာ ညံ့ခြင်းနှင့် အားကစား မလိုက်စားခြင်းသည် ဝဖြိုးမှုကိုဖြစ်ပေါ်စေသည်။**
(ဓာတ်ပုံ-အင်တာနက်)

**လန်ဒန် ဖေဖော်ဝါရီ ၂၆**

ကမ္ဘာ့မည်သည့်ဒေသ၌ အဝလွန်သူ အများအပြားနေထိုင်သည်ကို သိရှိရန် ကွင်းဆင်းလေ့လာဆန်းစစ်မှုပြုလုပ်ခဲ့ရာ တောင်ပစိဖိတ်ဒေသ၌ နေထိုင်သူများသည် ကမ္ဘာ့အဝဖြိုးဆုံး လူသားများဖြစ်ကြသည်ကို ဖော်ထုတ် တွေ့ရှိရသည်။

သေးငယ်သောကျွန်းနိုင်ငံကလေးဖြစ်သည့် နော်ရူးနိုင်ငံမှ ပြည်သူများသည် အဝအလွန်ဆုံးဖြစ်နေကြောင်း သိရှိရပြီး ပြည်သူ ၉၄ရာခိုင်နှုန်းမှာ အဝလွန်နေသူများဖြစ်သည်။

အဝလွန်ခြင်း၊ စားသုံးသော အစားအစာညံ့ခြင်းနှင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းမပြုလုပ်ခြင်းတို့သည် အရွယ်မတိုင်မီ စောစီးစွာ သေဆုံးရသည့်အဖြစ်နှင့် ကြုံတွေ့နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးထားသည်။

အလွန်အမင်းဝခြင်းသည် နှလုံးရောဂါနှင့် အဆစ်အမြစ်ရောင်နာများကို ရစေသည်။ ထို့အပြင် အဝလွန်သောကလေးသည် နာမကျန်းခြင်း၊ မသန်စွမ်းခြင်း စသောဝေဒနာများလည်းရနိုင်သည့် အလားအလာရှိသည်ဟု ဆရာဝန်များက ဆိုသည်။

ပစိဖိတ်ကျွန်းဒေသများ၌ နေထိုင်သူများသည် များသောအားဖြင့် နွမ်းပါးကြပြီး အနောက်တိုင်းမှတင်သွင်းလာသည့် အာဟာရဓာတ်နည်းပါးပြီး ဈေးနှုန်းချိုသော အစားအစာများကို စားသုံးလေ့ရှိသည်။ ထို့အပြင် ကစားခုန်စား လှုပ်ရှားမှုလည်းနည်းပါးကြသည်။ ဖော်ပြပါ အချက်နှစ်ချက်သည် ယင်းဒေသနေပြည်သူများ အဝလွန်ရခြင်းအကြောင်းရင်းများဖြစ်သည်ဟု ရှုမြင်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ ကမ္ဘာပေါ်တွင် အဝလွန်သူဦးရေ ၁ ဒသမ ၆ ဘီလီယံရှိသည်ဟု ဆိုသည်။ ထိုကိန်းဂဏန်းသည် နောင် ၁၀ နှစ်တွင် ၄၀ ရာခိုင်နှုန်းအထိ ပို၍မြင့်တက်လာစရာရှိသည်ဟု ခန့်မှန်းထားသည်။

***အင်တာနက်။***

# အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တန်ကြားရှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

**ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ၎င်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ အလုပ်သဘော အလည်အပတ်ခရီးအဖြစ် နေပြည်တော်တွင် ရောက်ရှိနေပြီး ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တန်ကြားရှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော် လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။**

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တန်ကြားရှမ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာရန် နေပြည်တော် လေဆိပ်သို့ မော်တော်ယာဉ်များဖြင့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** *



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တန်ကြားရှမ်အား နေပြည်တော် လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။** (သတင်းစဉ်)

# နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၊ အမျိုးသားညီလာခံနှင့် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး လုပ်ငန်းစဉ်အား နှောင့်ယှက်ဖျက်ဆီးရန်အတွက် NCUB၊ NCGUB၊ KNU၊ MPU၊ NLD(LA)၊ ABSDF၊ DPNS စသည့် အကြမ်းဖက် အဖျက်သမားများ ပူးပေါင်းထားသည့် SCC က အဖျက်လုပ်ရပ်များချမှတ်ခဲ့

## လုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး ထပ်မံကြိုးပမ်းသွားမည် အပြည်ပြည်ဆိုင်ရာ တရားရုံးချုပ်၌ မြန်မာနိုင်ငံအား အရေးယူနိုင်ရေး လုပ်ဆောင်သွားမည် ၁၉၉၀ပြည့် ရွေးကောက်ပွဲရလဒ်အား နေရာတိုင်း အဆင့်တိုင်း၌ ဆုပ်ကိုင်သွားမည်ဟုဆို

## SCC ပြောခွင့်ရဆိုသူ KNU နိုင်ငံရေးသမား ပဒိုမန်းရှာက ရှစ်ပြည်နယ်အခြေခံထားသည့် ဖက်ဒရယ်မူဖြင့် အခြေခံဥပဒေမူကြမ်း ရေးဆွဲနေပြီဟု VOA အား အတိအလင်းပြောကြားခဲ့

## ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးစေရန်နှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲပျက်စီးစေရန် ပူးပေါင်းလုပ်ကိုင်လာသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ မသမာသောလုပ်ရပ်အား ကြိုတင်တားဆီး တိုက်ဖျက်ချေမှုန်းသွားရန် ပြည်သူလူထုကြီးက လိုလားလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

**ယနေ့မြန်မာနိုင်ငံတွင် တိုင်းရင်းသားပြည်သူများ လိုလားတောင့်တသည့် ပြည်ထောင်စုစနစ်၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ကျင့်သုံးနိုင်ရေးအတွက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းဆောင်ရွက်နိုင်ရန် အမျိုးသားညီလာခံကို ကျင်းပလျက်ရှိရာ မကြာမီ အောင်မြင်ပြီးမြောက်တော့မည်ဖြစ်သည်။**

အမျိုးသားညီလာခံ ကျင်းပပြီးစီးပါက အမျိုးသားညီလာခံမှ ညှိနှိုင်းချမှတ်ပေးထားသည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲပြီး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းမည်ဖြစ်ကြောင်း၊ ပေါ်ပေါက်လာသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ စစ်မှန်သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဆက်လက်၍ လွှတ်တော်အဆင့်ဆင့်ဖွဲ့စည်းပြီး ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်သွားမည်ဖြစ်ကြောင်းကို နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ဖြင့် ကမ္ဘာသိ ချမှတ်ကြေညာပြီး ဆောင်ရွက်လျက်ရှိသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ☆